# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၁၂)ရက် ၊ စနေနေ့ ၊ (1-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၈၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ် မာရဝိဇယကျောင်းတော် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယကျောင်းတော် ၂၀၂၅ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမာရဝိဇယကျောင်းတော်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျုံပရိယတ္တိစာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသည့် ပင့်သံဃာတော်များနှင့် မာရဝိဇယကျောင်းတော်တွင် သီတင်းသုံးတော်မူကြသည့် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ

စာမျက်နှာ ၁၆ ကော်လံ ၁ ☞



ကထိန်အလှူခံကျောင်း မာရဝိဇယကျောင်းတော် ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနေမိန္ဒထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။




ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁ ရက်
အယ်ဒီတာ့အာဘော်

# အမြတ်ဆုံးသော ကထိန်သင်္ကန်းအလှူ

"ဘုရားမှာ စိန်၊ ကျောင်းမှာ သိမ်၊ သင်္ကန်းမှာ ကထိန်"ဟူ၍အဆိုရှိရာ ကထိန်သင်္ကန်းကပ်လှူရခြင်းသည် သင်္ကန်းအလှူများထဲ၌ အမြင့်မြတ်ဆုံး၊ အကျိုးကျေးဇူးအကြီးမားဆုံးအလှူဖြစ်ပါသည်။ ကထိန်သည် ကထိနဟူသောပါဠိစကားကို မြန်မာမှုပြုထားခြင်းဖြစ်ပြီး ကထိန်သည် ကထိန်အာနိသင်ငါးပါးမြဲမြံခိုင်ခံ့စွာရရှိစေနိုင်သော သင်္ကန်းအလှူဟူ၍ မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ကထိန်သင်္ကန်းလှူဒါန်းမှုနှင့်ပတ်သက်ပြီးဆိုရလျှင် ရဟန်းသံဃာတော်များသည် မိဘကိုသော်လည်းကောင်း၊ ဒါယကာ၊ ဒါယိကာမများကိုသော်လည်းကောင်း နှုတ်မှမြွက်၍ ကထိန်သင်္ကန်းကို အလှူမခံအပ်ပေ။ သူ့အလိုလို သဒ္ဓါတရားဖြစ်ပေါ်၍လှူသော ကထိန်သင်္ကန်းကိုသာ အလှူခံခွင့်ရှိသည်။ ကထိန်သင်္ကန်းဆိုသည်မှာ ကထိန်ခင်းရာတွင် သံဃာတော်များအားရည်မှတ်၍ လှူဒါန်းသော ဒုကုဋ်၊ ကေသီ၊ သင်းပိုင်ဟူသော သင်္ကန်းသုံးထည်တွင် တစ်ထည်ဖြစ်ပါသည်။ ကထိန်သင်္ကန်းကပ်လှူခွင့်သည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ထိ တစ်လတာအချိန်ကာလအတွင်းသာ လှူဒါန်းခွင့်ရှိသောကြောင့် လှူဒါန်းလိုက်သောသင်္ကန်းအလှူသည် ကာလဒါနအလှူမြောက်ပေသည်။ ထို့ပြင် ကထိန်သင်္ကန်းသည် တစ်နှစ်မှာ တစ်လ၊ တစ်လမှာ တစ်ရက်၊ တစ်ရက်မှာ ဘုန်းကြီးကျောင်းတစ်ကျောင်းကို တစ်ကြိမ်သာလျှင် လှူခွင့်ရှိသည်။ ကထိန်သင်္ကန်းကို ဝါတွင်းသုံးလပတ်လုံး ဝါမကျိုးမပျက်ဘဲ ပဝါရဏာပြုသော ရဟန်းသံဃာတော်များသာ ခံယူခွင့်ရှိကြသည်။

ကထိန်သင်္ကန်းကပ်လှူခံရသည့် ရဟန်းတော်တို့တွင် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့ထိ ငါးလတိုင် ဘုရားရှင်ခွင့်ပြုသော ကထိန်အာနိသင်ငါးပါးကိုရရှိမည်ဖြစ်ပြီး ယင်းတို့မှာ ထင်ရှားရှိသောရဟန်းကို မပန်ကြားဘဲ မြို့တွင်း၊ ရွာတွင်း ဆွမ်းစားဖိတ်ရာအိမ်သို့ သွားနိုင်ခြင်း၊ အဓိဋ္ဌာန်တင်ထားသောသင်္ကန်းကိုမယူဆောင်ဘဲ လွတ်လပ်စွာသွားနိုင်ခြင်း၊ ရလာသမျှသင်္ကန်းတို့ကို ဆင်မြန်းနိုင်ခြင်း၊ မအပ်သောဖိတ်ခြင်းရှိသော ဂဏဘောဇဉ်ကို ဘုဉ်းပေးနိုင်ခြင်း၊ ကထိန်ခင်းရာ ကျောင်းတိုက်အတွင်း၌ ဖြစ်ပေါ်လာသော သံဃိကသင်္ကန်းများကို ကထိန်ခင်းသော ရဟန်းတို့သာ သုံးစွဲနိုင်ခြင်းတို့ဖြစ်ပါသည်။ ထို့ပြင် ကထိန်သင်္ကန်းလှူဒါန်းသူ အလှူရှင်များ၌လည်း သွားလေရာရာအရပ်တို့၌ ဘေးအန္တရာယ်ကင်းစွာသွားရခြင်း၊ မိမိပိုင်ပစ္စည်းများကို ရန်သူတို့ မဖျက်ဆီးနိုင်ခြင်း၊ စားကောင်းသောက်ဖွယ်အထူးပေါများ၍ အစားအတွက်ဘေးမဖြစ်ခြင်း၊ မိမိပိုင်ပစ္စည်းများ ကာလကြာမြင့်စွာမေ့လျော့နေသော်လည်း မဆုံးရှုံးခြင်း၊ ဥစ္စာပစ္စည်းများ အစုလိုက်အပုံလိုက်ရခြင်း၊ အဆင်းလှခြင်းဟူသော အကျိုးတရားများကို ခံစားရရှိမည်ဖြစ်ပေသည်။

ဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်တော်မူကြသော သံဃာ့အဖွဲ့အစည်းသည် သာသနာတော်စည်ပင်ပြန့်ပွားထွန်းကားရေးအတွက် မရှိမဖြစ်လိုအပ်သော အဖွဲ့အစည်းဖြစ်ပါသောကြောင့် သံဃာတော်အရှင်သူမြတ်တို့အား ကထိန်အာနိသင်ငါးပါးရရှိစေရန် ယနေ့ခေတ်တွင် ကထိန်ပွဲတော်များကို လူအများစုပေါင်း၍ ကထိန်သင်္ကန်းလှူဒါန်းကြခြင်းဖြစ်သည်။ ထို့သို့ ကထိန်သင်္ကန်းလှူဒါန်းရာတွင် အခြားသော လှူဒါန်းဖွယ်ရာပစ္စည်းတို့ကို ပဒေသာပင်သီး၍ ကျောင်းတိုက်များဆီသို့ စုဝေးပို့ဆောင်လှူဒါန်းကြလေ့ရှိပါသည်။ ထိုသို့ကောင်းမြတ်သောဓလေ့များကို ထိန်းသိမ်းသည့်အနေဖြင့် အောက်တိုဘာ ၂၉ ရက်က ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မိသားစု မဟာဘုံကထိန်အလှူတော်အဖြစ် လှူဒါန်းထားသည့် ပဒေသာပင်စုစုပေါင်း ၉၀၊ ပစ္စည်းတန်ဖိုးငွေကျပ် ၁၇၀၈၄၀၈၁၀ နှစ် ငွေသားတန်ဖိုးငွေကျပ် ၁၂၅၀၅၃၄၅၀ ဖြစ်သဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၉၅၈၉၄၂၆၀ တန်ဖိုးရှိ ပဒေသာပင်များနှင့်ငွေသားများ သက်ဆိုင်ရာဘုန်းတော်ကြီးကျောင်းအသီးသီးသို့ ပို့ဆောင်လှူဒါန်းခဲ့ကြသည်ကို သာဓုအနုမောဒနာခေါ်ဆိုမိပါသည်။

သို့ဖြစ်ပါ၍ ကထိန်အာနိသင်အကျိုးများသည် အလွန်မွန်မြတ်ပြီး အကျိုးကြီးမားလှသဖြင့် ကာလဒါနကထိန်သင်္ကန်းအလှူပွဲတော်များကို ကထိန်သင်္ကန်းကပ်လှူခွင့်ရရှိသော ကာလအတွင်း တတ်စွမ်းသရွေ့ပါဝင်လှူဒါန်းနွဲပျော်ကြပါရန် ဗုဒ္ဓဘာသာဝင် သူတော်ကောင်းအပေါင်းတို့ကို တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၅၇
ရက်
သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

- ❖ ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေး နည်းဥပဒေ ၂၆(၂)နှင့်နည်းဥပဒေ ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ(၁၀) သို့မဟုတ် (၉၀/၁/နသေ)နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကိုပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄-က)ဖြင့် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊
- ❖ ယင်းသို့ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ(၄-ခ)ကို ယင်းရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)နှင့်ပုံစံ(၄-ခ)တို့ပူးတွဲ၍ တောင်းဆိုလွှာပုံစံ (၃)ကို ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက်နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

## ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၁၈၂၀ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၁၈၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် မတ်ပဲ ၂၇၉၄ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ်အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၈၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ မတ်ပဲဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိဧက ၁၈၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်" ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီး မှူး ဒေါ်ကြင်စန်းက ပြောပြ၍သိရသည်။ (၂၀၆)

## ဒေးဒရဲမြို့နယ်တွင် ဖူးစားပြောင်းများ အရောင်းအဝယ်ကောင်းမွန်နေ

**ဒေးဒရဲ အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် ပဲတီစိမ်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဒေးဒရဲမြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေခိုင်က ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်တွင် ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်ပြီး ယနေ့တိုင် ဖူးစားပြောင်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဖူးစားပြောင်းများ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသထွက်ဖူးစားပြောင်းများကို ပုသိမ်အပါအဝင် အခြားဒေသများဘက်က ဝယ်ယူအားကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ကုန်ဖူးစားပြောင်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ အောက်တိုဘာလ ဒုတိယပတ်လောက်ကနေပြီး ဖူးစားပြောင်းတွေသိသိသာသာကို အဝယ်လိုက်နေတာ ဖြစ်ပါတယ်။ ဒေသတွင်းအပြင် အခြားမြို့တွေကပါ အဝယ်လိုက်နေလို့အခုလို အရောင်းအဝယ် ကောင်းမွန်နေတာဖြစ်ပါတယ်။ ဒေသထွက် ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဖူးစားပြောင်းဖူးတွေအရည်အသွေးကောင်းကာ ပိုးမွှားကင်းရှင်းတာကြောင့် အရောင်းသွက်နေတာဖြစ်ပါတယ်" ဟု ဒေးဒရဲမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေခိုင်က ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ဖူးစားပြောင်းများကို ရန်ကုန်ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ဖူးစားပြောင်းအဖူးရေ ၁၀၀ လျှင် ငွေကျပ် ၂၉၅၀၀ မှ ၃၁၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မဟာမုနိရုပ်ရှင်တော်တွင် ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် ရွှေစင်ရွှေသားအတိဖြင့်သွန်းလုပ်ထားသည့် မဟာမုနိရုပ်ပွားတော်မြတ်နှစ်ဆူအား လှူဒါန်း



**မန္တလေး အောက်တိုဘာ ၃၁**

မဟာမုနိရုပ်ရှင်တော်တွင် ရဟန်းရှင်လူအများပြည်သူ ခုနစ်ရက်သားသမီးအပေါင်း ဖူးမြော်ကြည်ညိုနိုင်ရန် ရည်သန်၍ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒများခံယူကာ ရွှေစင်ရွှေသားအတိဖြင့် သွန်းလုပ်ထားသည့် မဟာမုနိရုပ်ပွားတော်မြတ်နှစ်ဆူအား အောက်တိုဘာ ၃၀ ရက်က အလှူရှင်မိသားစုဖြစ်သော မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး ဒေါ်မမ သားသမီးမြေးတစ်စုတို့ကလှူဒါန်းခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေစင်ရွှေသားအတိဖြင့် သွန်းလုပ်ထားသည့် မဟာမုနိရုပ်ပွားတော်မြတ်နှစ်ဆူ လှူဒါန်းမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်နိကာယာဓိပတိ ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ သီတင်းသုံးတော်မူနေသည့် စစ်ကိုင်းမြို့ သီတဂူ ဝိပဿနာတက္ကသိုလ်ရှိ သီတဂူစန္ဒြကန္တိကျောင်းနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ယာယီသီတင်းသုံးတော်မူသည့် မဟာအောင်မြေမြို့နယ်ရှိ သံဃာရာမပင်မဆောင်သို့ သွားရောက်ပြီးဆရာတော်ကြီးများအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် ရည်သန်၍ မဟာမုနိရုပ်ရှင်တော်တွင် အပူဇော်ခံထားရှိမည့် ရွှေစင်ရွှေသားအတိဖြင့် သွန်းပြုထားသည့် မဟာမုနိရုပ်ပွားတော်မြတ်နှစ်ဆူနှင့် စပ်လျဉ်း၍လည်းကောင်း၊ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးမှာ သက်တမ်းအားဖြင့် ကြာမြင့်လာခြင်း၊ ကြီးမားသော သဒ္ဓါတရားဖြင့် ရဟန်းရှင်လူပြည်သူများက လှူဒါန်းလျက်ရှိသော ရွှေသင်္ကန်းများနှင့် အခြားရတနာများ၏ အလေးချိန်၊ နေ့စဉ်မပြတ်လှူဒါန်းနေသော ရွှေသင်္ကန်းများ တဖြည်းဖြည်း များပြားထူထဲလာခြင်းတို့ကြောင့် ၁၉၉၅ ခုနှစ်တွင် ရုပ်ရှင်တော်မြတ်ကြီး၏ ရင်ဘတ်တော်ကွဲအက်ခြင်း၊ ၂၀၁၉ ခုနှစ်တွင် စမခဏ်တော်အက်ကြောင်းပေါ်လာခြင်းများဖြစ်ပေါ်ခဲ့မှုနှင့် မူလပဋ္ဌလောဟာရုပ်ရှင်တော်မြတ်ကြီးကိုယ်လုံးတော်ခံနိုင်ရည်စွမ်းအား ထာဝရ တည်တံ့ခိုင်မြဲစေရန်အတွက် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒများခံယူပြီး ပညာရှင်များ၏ အကြံဉာဏ်များဖြင့် ညှိနှိုင်းတိုင်ပင် ထိန်းသိမ်းဆောင်ရွက်သွားမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ဩဝါဒများခံယူခဲ့သည်။

ရွှေသားဆင်းတုတော်များ လှူဒါန်းခြင်း အခမ်းအနားကို ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်ရှိ လှူဖွယ်ပြတိုက်တွင် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဓမ္မိကာရာမတိုက်၊ မိတ္ထီလာကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနပိယဆရာတော်ကြီး အမှူးပြုပြီး ပင့်ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူ၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ မဟာမုနိရုပ်ရှင်တော် ဂေါပက ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော် ဩဝါဒါစရိယ၊ မဟာဓမ္မိကာရာမတိုက်၊မိတ္ထီလာကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီးနောက် မဟာမုနိရုပ်ရှင်တော်တွင် ရဟန်းရှင်လူအများပြည်သူ ခုနစ်ရက်သားသမီးအပေါင်း ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် မဟာမုနိရုပ်ရှင်တော်တွင် အပူဇော်ခံထားရှိမည့် ရွှေစင်ရွှေသား အလေးချိန်တစ်ကျပ်သားနှင့် အလေးချိန် ၁၀ ကျပ်သားတို့ဖြင့် သွန်းလုပ်ထားသည့် မဟာမုနိရုပ်ပွားတော်မြတ်နှစ်ဆူကို နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဓမ္မိကာရာမတိုက်၊ မိတ္ထီလာကျောင်း ဆရာတော်ထံသို့ အလှူရှင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဆက်ကပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများက ဆရာတော်ကြီးများထံ သင်္ကန်းလှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ၊ အလင်းတိုင်နှင့် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား ခြုံသင်္ကန်းတော်များကို ဆက်ကပ် လှူဒါန်းခဲ့ပြီးနောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရထံမှ ရေစက်သွန်းချ တရားနာယူကြည်ညို၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဆရာတော်ကြီးများသည် မန္တလေးလျောင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋီပြာသာဒ်ကျောင်းတော်ကြီး ရွှေသားထီးတော် ပြန်လည်တင်လှူပူဇော်ရန်အတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုခဲ့ပြီး အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးတွင် ကိန်းဝပ်စံပယ်အပူဇော်ခံထားရှိသည့် စူဠာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား အလှူရှင်မိသားစုက အလင်းတိုင် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၁၀၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၁၀၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၄၁၉၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၁၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ပဲတီစိမ်းဧက ၄၁၉၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၁၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေး တို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးပိမျိုးစုံ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးပိမျိုးစုံ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသန်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ဒေသထွက်ငါးပိမျိုးစုံ ပိဿာချိန် ၁၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးပိမျိုးစုံ ပိဿာချိန် ၁၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေခြင်းကြောင့် တင်ပို့အား မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ငါးပိမျိုးစုံ ပိဿာချိန် ၁၉၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေထွက်ရှိတဲ့ ငါးပိတွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချတာဖြစ်ပါတယ်။ လက်ရှိမှာလဲ ငါးပိတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လက်ရှိ ငါးပိတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကပါ ဝယ်ယူမှု များပြားနေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသန်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးပိမျိုးစုံမှာ ငါးရံ့ငါးပိ၊ ငါးခုံးမငါးပိ၊ ဂျပန်ငါး ငါးပိ၊ ငါးပင်နော်ငါးပိ၊ ငါးပြေမငါးပိ စသည့် ရေချိုငါးပိများ အများဆုံးတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးပိများမှာ တစ်ပိဿာလျှင် ငါးပိအမျိုးအစားအလိုက် ငွေကျပ် ၁၂၅၀၀ မှ ၆၅၀၀၀ ထိ ရှိကြောင်း ကျိုက်လတ်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသန်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဆေးဖက်ဝင်သီးပင်နှင့်သီးသီးအကြောင်း သိကောင်းစရာ

## ဒေါက်တာလပြည့်ခင်



**သီးသီး (Elephant Apple)**

မြန်မာ့ဆေးဖက်ဝင်သီးပင်သည် မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝအလျောက် ပေါက်ရောက်သည့် စိမ်းလန်းစိုပြည်သော ရွက်ကြွေပင်ကြီးမျိုးဖြစ်သည်။ သီးသီးပင်သည် ရှောက်ပင်၊ သံပုရာပင်၊ သနပ်ခါးပင်၊ ပျဉ်းတော်သိမ်ပင်တို့နှင့်မျိုးရင်းတူပြီး မွှေးရနံ့ရှိသည့် အပင်ကြီးမျိုးဖြစ်ကာ ပင်စည်မှာ အခေါက်ကြမ်းကြမ်းများနှင့်အတူ ဆူးများပါရှိတတ်သည်။ အင်္ဂလိပ်လို Elephant Apple ဟုခေါ်သည့် သီးပင်သည် Rutaceae မျိုးရင်းနှင့် ရုက္ခဗေဒအမည် Limonia Acidissima ၏ အသီး၊ အခေါက်၊ အရွက်သုံးခုလုံးအသုံးဝင်သည်။ သီးပင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၅၀၀ ရှိသည့် ဒေသများတွင် ပေါက်ရောက်ဖြစ်ထွန်းပြီးရာသီဥတုနှင့် မြေအမျိုးအစားမရွေးနေရာများစွာတွင် စိုက်ပျိုးနိုင်သကဲ့သို့ ကိုင်းဖြတ်၍လည်း စိုက်ပျိုးနိုင်သည်။

**သီးပင်၏မူရင်းဒေသ**

သီးပင်၏ မူရင်းဒေသမှာအိန္ဒိယနိုင်ငံနှင့်သီရိလင်္ကာနိုင်ငံတို့ဖြစ်ပြီး ထိုမှတစ်ဆင့် အရှေ့တောင်အာရှနိုင်ငံများသို့ ပျံ့နှံ့လာခဲ့သည်။ မြန်မာနိုင်ငံ တွင် မိုးနည်းရေရှားသည့် မြေပြန့်ဒေသများ၌ သီးပင်ကို အသီးစားပင်အနေဖြင့် စိုက်ပျိုးကြသည်။ သီးပင်ကို ကိုင်းဖြတ်စိုက်ခြင်း၊ ကိုင်းစည်းစိုက်ခြင်းဖြင့်လဲ ပေါက်ရောက်ရှင်သန်နိုင်သည်။ အိန္ဒိယနိုင်ငံတွင် လယ်ကန်သင်းများ၊ လမ်းဘေးများတွင် မြောက်မြားစွာ စိုက်ပျိုးကြပြီး သီးပင်၏ အကိုင်းအရွက်များကို ကျွဲ၊ နွားအစာအဖြစ် အသုံးပြုကြသည်။

**မြန်မာဆေးကျမ်းပါသီးသီး၏ ဆေးဖက်ဝင်ပုံများ**

မြန်မာဆေးကျမ်းများတွင် သီးသီးသည် ချိုချဉ်အရသာရှိပြီးကြေခဲသည်။ သွေး၊ လေ၊ သလိပ်သုံးပါးကိုနိုင်ပြီး ပန်းနာ၊ အော့အန်သောအနာ၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ပျောက်ကင်းစေနိုင်သည်။ နှုတ်ကိုမြိန်စေပြီး ဝမ်းကိုချုပ်စေတတ်သည်ဟု ဖော်ပြထားပါသည်။

သီးသီးအစိမ်းရည်၊ ပိတ်ချင်းသီးမှုန့်၊ ပျားရည် သုံးမျိုးစပ်၍လျက်ပါက အန်သောရောဂါ၊ ကြို့ထိုးနာပျောက်သည်။ သီးသီးရည်ဖျော်သောက်ပါက ဝမ်းနာ၊ ရင်နာပျောက်သည်။ သီးသီးအနှစ်ကို သကြားသို့မဟုတ် ပျားရည်ဖြင့်ရောလျက်လျှင် အဆိပ်ပြေစေပါသည်။

သီးပင်၏အရွက်သည် အနံ့ရှိပြီး ၎င်းမှနံ့သာဆီထုတ်ယူနိုင်သကဲ့သို့ သီးပင်မှအရွက်ကို လေနိုင်ဆေးဖော်စပ်ရာတွင် အသုံးပြုသည်။

**သီးခေါက်အသုံးပြုပုံ**

သီးပင်၏အခေါက်ကို လေထိုးနာပျောက်ဆေးဖော်စပ်ရာတွင် အသုံးပြုနိုင်သည်။ သီးပင်၏အခေါက်သည် သနပ်ခါးခေါက်နှင့်တူ၍ သနပ်ခါးခေါက်ကဲ့သို့ သွေး၍လိမ်းကျံကြသော်လည်း သနပ်ခါးကဲ့သို့ အေးခြင်း၊ အသားအရေအေးမြစေခြင်းမဖြစ်သည့်အပြင် သွေးထားသည့်အနှစ်၏အရောင်သည် သနပ်ခါးကဲ့သို့ ဝါဝင်းမနေဘဲဝါညစ်ညစ်ဖြစ်သည်။

**သီးသီးတွင်ပါဝင်သည့်အာဟာရဓာတ်များ**

သီးသီးသည် စား၍ရသကဲ့သို့ အာဟာရဓာတ်လဲ ကြွယ်ဝစွာပါဝင်သည်။ သိပ္ပံနည်းကျလေ့လာချက်များအရ သီးသီး၏အနှစ်ထဲတွင် အသားဓာတ်၊ ပရိုတင်း (Protein)၊ ကာဗိုဟိုက်ဒရိတ် (Carohy-drate)၊ အဆီဓာတ် (Fat)၊ သတ္တုဓာတ်၊ ကယ်လ်စီယမ်ဓာတ် (Ca)၊ ဖော့စဖရတ် (P)၊ သံဓာတ် (Fe)၊ ဗီတာမင် B နှင့် ဗီတာမင် C အစရှိသော အာဟာရဓာတ်များစွာပါဝင်ပြီး ကျန်းမာရေးအတွက် အထောက်အကူပြုစေနိုင်ကြောင်း သိရှိရသည်။

**သီးသီး၏အတွင်းသားနှင့်အစေ့များတွင်ပါဝင်သော အာဟာရဓာတ်များ**

သီးသီး၏ အတွင်းသားနှင့်အစေ့များတွင် ရေ ၆၉ ဒသမ ၅ မီလီဂရမ်၊ ပရိုတင်း ၇ ဒသမ ၃ မီလီဂရမ်၊ သတ္တုဓာတ် ၁ ဒသမ ၉ မီလီဂရမ်၊ အမျှင်ဓာတ် ၅ ဒသမ ၂ မီလီဂရမ်၊ ကာဗိုဟိုက်ဒရိတ်သကြား ၁၅ ဒသမ ၅ မီလီဂရမ်၊ ဖော့စဖရတ် ၀ ဒသမ ၁၁ မီလီဂရမ်၊ သံဓာတ် ၀ ဒသမ ၆ မီလီဂရမ်၊ ဗီတာမင် C ၂.၀ မီလီဂရမ်ပါရှိသည်။ သီးသီး၏ အချဉ်ဓာတ်နှုန်းသည် မမှည့်သေးသော အသီးများတွင် ၇ ဒသမ ၆ ရာခိုင်နှုန်းမှ အသီးမှည့်များတွင် ၂ ဒသမ ၃ ရာခိုင်နှုန်းထိ လျော့နည်းသွားသည်။

**သီးသီးမှပေးသည့် ကျန်းမာရေးအကျိုးကျေးဇူးများ**

သီးသီးသည် လန်းဆန်းသော သတ္တိရှိသဖြင့် အားဆေးအဖြစ်လည်းအသုံးပြုကြသည်။ မမှည့်သေးသောအသီးကို ချုပ်ဆေးအဖြစ်လည်းကောင်း၊ နှလုံးဆေးအဖြစ်ဖြင့်လည်းကောင်း အသုံးပြုကြသည်။ သီးသီးကိုယိုထိုး၍ဖြစ်စေ၊ အနှစ်ကိုတိုက်ပြီး ဖျော်ရည်လုပ်သောက်၍ဖြစ်စေ၊ အသီးကို ငရုတ်သီး၊ ဆားတို့နှင့်နယ်၍ဖြစ်စေ စားနိုင်သော အရသာရှိသည့် သီးသီးက ကျန်းမာရေးကိုလည်း များစွာအထောက်အကူပြုနေပါသည်။

**အစာခြေစနစ်ကို ကျန်းမာစေသောသီးသီး**

သီးသီးသည် အမျှင်ဓာတ်ကြွယ်ဝသော အသီးဖြစ်သောကြောင့် အစာခြေစနစ်ကို ကျန်းမာစေပြီး ဝမ်းမှန်စေသကဲ့သို့ အူနံရံများကို အာဟာရစုပ်ယူမှုကောင်းစေသည်။ သိပ်မမှည့်သေးသည့် သီးသီးကို ဝမ်းပျက်ဝမ်းလျှောမှု သက်သာစေရန် သုံး၍ရသကဲ့သို့ ဝမ်းသွားရခက်မှုကို သက်သာစေရန်လည်း အသုံးပြုပေး၍ရသည်။ ဝမ်းကိုက်ဝမ်းလျှောရောဂါများအတွက် ဥသျှစ်သီးအစား သီးသီးကို အသုံးပြုနိုင်သည်။ သွားဖုံးရောဂါ၊ လည်ချောင်းရောဂါများအတွက်လည်း သီးသီးကို အသုံးပြုနိုင်သည်။

**အနာကျက်စေနိုင်သော သီးသီး**

သီးသီးသည် အရောင်ကျစေနိုင်သကဲ့သို့ အနာကျက်စေနိုင်သော အာနိသင်လဲရှိသောကြောင့် သီသီးကို စားသုံးပေး၍ရသကဲ့သို့ အနာပေါ်ကို တိုက်ရိုက်အသုံးပြုပေး၍လည်းရသည်။

**အစာအိမ်ကျန်းမာစေသော သီးသီး**

သီးသီးအမှည့်ကို စားသုံးပေးခြင်းဖြင့် အစာအိမ်ကိုကျန်းမာစေပြီး လေထိုးလေအောင့်ခြင်းနှင့် အစာအိမ်ပြဿနာအမျိုးမျိုးကို ကင်းဝေးစေသည်။

**အရေပြားပြဿနာကင်းစေသောသီးသီး**

သီးသီးအရွက်ကြိတ်ရည်ကို အရေပြားတွင် လိမ်းပေးခြင်း၊ ခပ်ဖွဖွလေးနှိပ်နယ်ပေးခြင်းသည် အင်ပျဉ်အပါအဝင် အရေပြားပြဿနာတော်တော်များများကို သက်သာစေနိုင်ပြီး ဝက်ခြံကိုလည်း သက်သာစေနိုင်သည်။

**နေလောင်ခြင်းကိုသက်သာစေသောသီးသီး**

သနပ်ခါးခေါက်နှင့်ဆင်တူသော သီးပင်မှ အခေါက်ကို လိမ်းခြင်းဖြင့် နေလောင်ခြင်းကို သိသိသာသာ သက်သာစေသည်။

**သီးသီးအနှစ်ချုပ်**

သီးသီးကို ဝမ်းကိုက်ဝမ်းလျှောရောဂါများအတွက် အသုံးပြုနိုင်ပြီး သွားဖုံးရောဂါ၊ လည်ချောင်းရောဂါ၊ ဆီးချိုရောဂါနှင့် ဝမ်းချုပ်ခြင်းများအတွက်လည်း အသုံးပြုနိုင်သည့်အပြင် မြွေဆိပ်ဖြေဆေးအဖြစ်လည်း အသုံးပြုကြသည်။ ထို့ပြင် သီးသီးသည် ပန်းနာရင်ကျပ်ကိုသက်သာစေခြင်း၊ ရင်သားကင်ဆာကာကွယ်ပေးခြင်း၊ သားအိမ်ကင်ဆာကာကွယ်ပေးခြင်း၊ ကျောက်ကပ်ကျန်းမာစေခြင်း၊ ကိုယ်ခံအားကောင်းစေခြင်း၊ အအေးမိခြင်းနှင့် အသက်ရှူလမ်းကြောင်းပြဿနာများကို သက်သာစေခြင်း၊ နားပြဿနာများကို သက်သာစေခြင်း၊ မျက်စိကျန်းမာရေးကောင်းစေခြင်းအစရှိသည့် သီးသီးကို စားသုံးပေးခြင်းဖြင့်ရရှိနိုင်သော ကျန်းမာရေး အကျိုးကျေးဇူးများကို ရေးသားလိုက်ရပါသည်။

# ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စုစုပေါင်း ၂၇၀၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ကသာ အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စုစုပေါင်း ၂၇၀၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၈၉၈ ဧကနှင့် ဖူးစားပြောင်း ၂၉၇၆ ဧက စုစုပေါင်း ၄၈၇၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၈၉၈ ဧကနှင့် ဖူးစားပြောင်း ၈၀၄ ဧက စုစုပေါင်း ၂၇၀၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်းသီးနှံဧက ၄၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ အခုလက်ရှိရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၂၇၀၂ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့တယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ယခုနှစ် ကသာမြို့နယ်တွင် ပြောင်းသီးနှံ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခဲ့ကြောင်း၊ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံစိုက်ပျိုးရာတွင် တစ်ဧကစိုက်ပျိုးပါက ကုန်ကျစရိတ်ငါးသိန်းကျော်ရှိကြောင်း၊ အစေ့ထုတ်ပြောင်းတစ်ဧကလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းအဖူးရေ ၁၅၀၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။



(၂၀၆)

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံ့သွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၉၃၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၉၃၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၉၃၁ ဧကကို ယခုနှစ် နိုဝင်ဘာလ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မြေပဲများ လျာထားဧကအတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပေါင်းစပ်ဆောင်ရွက်နေကြောင်း သိရသည်။

''ဝါးခယ်မမြို့နယ်မှာ ဒီနှစ် ဆီထွက်သီးနှံတွေ စိုက်ပျိုးဖို့အတွက် သီးနှံတွေစတင်မစိုက်ခင် အချိန်က စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးထားပါတယ်။ ဒါ့ပြင် တောင်သူတွေ စိုက်ပျိုးတဲ့ဆောင်းသီးနှံတွေ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ ဓာတ်မြေဩဇာတွေကိုလဲ ပံ့ပိုးပေးဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပေးထားပါတယ်။ ဓာတ်မြေဩဇာတွေကိုလဲ စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းလုပ်ဆောင် ပေးနေပါတယ်။ အထွက်နှုန်းနဲ့ သီးနှံတွေအရည်အသွေး ပြည့်မီရေးအတွက်ကိုလဲ ဆောင်ရွက်ပေးထားပါတယ်'' ဟု မြောင်းမြခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဆီထွက်သီးနှံ မြေပဲကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်၍ မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြခြင်း သိရသည်။ **ကျော်ကျော်လင်း**

# မင်းလှမြို့နယ် မယ်ဇလီတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ အောက်တိုဘာ ၃၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမွဲတေမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ ပန်းတော်ပြင် ကျေးရွာအုပ်စု မယ်ဇလီတောကျေးရွာ၌ ဒသမ အကြိမ်မြောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေများ ပြန်လည်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက မယ်ဇလီတော ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်း ကာလနှင့်အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်း ပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၅၄ ဒသမ ၆ သန်းကို မယ်ဇလီတော ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မယ်ဇလီတောကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၁၄ ဦးကို ငွေကျပ် ၂၈ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၅ ဦးကို ငွေကျပ် ၁၇ ဒသမ ၉၅ သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၃ ဒသမ ၆၅ သန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၄ ဒသမ ၀၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၆၁ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၄ ဒသမ ၆ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် တစ်ဦးချင်း၏ လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း မင်းလှ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဒေါ်လှမျိုးသူက ပြောပြ၍ သိရသည်။ **ကိုညီ**

## ကြိုးစားရှာဖွေ မြတ်စာပေ

- လူငယ်တွေ အမြဲမပြတ်
  လေ့လာဖတ်မှတ် သင်ယူပါ၊
  ပျင်းရိခြင်းကို ရှောင်ရှားလို့
  ကြိုးစားလို့သာ၊
  စာမတတ်က အကန်းအသွင်ပါ
  လမ်းမမြင်ရှာ ပမာသို့၊
  ငယ်ရွယ်စဉ် ဝီရိယထားကာ
  သင်ကြားကြစို့။

- စာပေကို သင်ကြားလို့ဖြင့်
  အစဉ်တိုးပွား ပညာနယ်၊
  အသိစိတ်တွေ နိုးကြားဖို့
  ကြိုးစားရ(မယ်)မည်၊
  ဗဟုသုတ ပြည့်စုံကြွယ်
  လမ်းမှားကိုဖယ် ရှောင်ရှား၊
  အလင်းရောင်ပမာ ဝင်းလက်လို့
  (ပညာဟူသည်)
  ထက်သည့်စိန်သွား။

- စာပေတွေ ဖတ်ပါများတော့
  အသိပညာပွား တိုးတက်ကာ၊
  ပညာဟူသည် မြတ်ရွှေအိုးမို့
  ကြိုးစားလေ့လာ၊
  အမိုက်အမှားကိုလည်း ရှောင်ခွာ
  အလိမ္မာ စာမှာရှိ၊
  စာပေကို ချစ်မြတ်နိုးရင်ဖြင့်
  (လူတိုင်းလူတိုင်း)
  တိုးပွားအသိ။ ။

**ရွှေတိုး(ထုံးဘို)**

# ရေကြည်မြို့နယ် သရက်အုပ်ကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှု စစ်ဆေး

**ရေကြည် အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားငူကျေးရွာအုပ်စု သရက်အုပ်ကျေးရွာ၌ ကျေးရွာတွင်း ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၃၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ဗို့ ၄၀၀ ဓာတ်အားလိုင်း ပေ ၁၃၀၀ သွယ်တန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

သရက်အုပ်ကျေးရွာတွင် ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေကျပ် သိန်း ၁၂၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၆ သိန်း စုစုပေါင်း ငွေကျပ် ၁၅၆ သိန်း အသုံးပြုပြီး ယခုနှစ် စက်တင်ဘာ ၂၈ ရက်မှ စတင်၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေထံမှ သိရသည်။ **ဇင်မာ**

# နိုင်ငံတကာ သတင်းများ

## ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်

**အစ္စတန်ဘူလ် အောက်တိုဘာ ၃၁**

နှစ်နိုင်ငံငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့က တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ပြန်လည်စတင်ကျင်းပနေကြောင်း အောက်တိုဘာ ၃၀ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

နှစ်နိုင်ငံငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပျက်ပြားသွားပြီဖြစ်ကြောင်း ပါကစ္စတန်အစိုးရက ကြေညာခဲ့ပြီး တစ်ရက်အကြာတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်မှုသတင်း ပေါ်ထွက်လာခြင်းဖြစ်သည်။

တူကီယဲနှင့် ကာတာနိုင်ငံတို့၏မေတ္တာရပ်ခံချက်အရ နှစ်နိုင်ငံငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့က ပြန်လည်စတင်နေခြင်းဖြစ်ကြောင်း တူကီယဲအစိုးရသတင်းအရင်းအမြစ်များက ပြောကြားခဲ့သည်။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်ကြား ယခုလအစောပိုင်းက နယ်စပ်ပဋိပက္ခများဖြစ်ပွားခဲ့ရာ နှစ်ဖက်တပ်ဖွဲ့ဝင်များနှင့် အရပ်သားအများအပြား သေဆုံးခဲ့ရသည်။

ယင်း နယ်စပ်ပဋိပက္ခများကို အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်ဖြင့် အဆုံးသတ်ခဲ့ပြီးနောက် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့သည် တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ လေးရက်ကြာကျင်းပခဲ့သော်လည်း အောက်တိုဘာ ၂၈ ရက်တွင် မည်သည့်ရလဒ်မျှမထွက်ဘဲ အဆုံးသတ်ခဲ့ရသည်။

ပါကစ္စတန်နိုင်ငံကို အကြမ်းဖက်တိုက်ခိုက်နေသည့် စစ်သွေးကြွများကို အာဖဂန်တာလီဘန်အဖွဲ့က အာဖဂန်နစ္စတန်နိုင်ငံ၌ အခြေစိုက်လှုပ်ရှားခွင့်ပေးထားကြောင်း ပါကစ္စတန်အစိုးရက စွပ်စွဲထားပြီး ယင်းစွပ်စွဲချက်ကို အာဖဂန်တာလီဘန်အဖွဲ့က ငြင်းပယ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ နှစ်ဦးဒဏ်ရာရရှိ

**ဘရပ်ဆဲလ် အောက်တိုဘာ ၃၁**

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ အောက်တိုဘာ ၃၀ ရက်က ဒုစရိုက်ဂိုဏ်းများကြား ပစ်ခတ်မှုများဖြစ်ပွားခဲ့ရာ လူနှစ်ဦး သေနတ်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဘယ်လ်ဂျီယံနိုင်ငံ၏ မြို့တော် ဘရပ်ဆဲလ်မြို့သည် ပြီးခဲ့သည့်နှစ်များအတွင်း အကြမ်းဖက်ရာဇဝတ်မှုဖြစ်ပွားနှုန်း မြင့်တက်လာမှု ပြဿနာနှင့် စတင်ရင်ဆိုင်ခဲ့ရသည်။

လက်ရှိအချိန်ထိလည်း ဘရပ်ဆဲလ်မြို့ ရင်ဆိုင်နေရသည့် အကြမ်းဖက်ရာဇဝတ်မှု ဖြစ်ပွားနှုန်းမှာ ကျဆင်းမည့်လက္ခဏာမျိုး မရှိသေးကြောင်း သိရသည်။

ဘရပ်ဆဲလ် ရဲတပ်ဖွဲ့၏ အဆိုအရ အောက်တိုဘာ ၃၀ ရက် ပစ်ခတ်တိုက်ခိုက်မှုများမှာ ဂါရီဒူမီဒီအမည်ရှိ ဘူတာရုံတစ်ခုအနီး ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပစ်ခတ် တိုက်ခိုက်မှုအတွင်း လူနှစ်ဦး သေနတ်ဒဏ်ရာများရခဲ့ပြီး ပစ်ခတ်မှုကျူးလွန်သူများအဖြစ် ယူဆရသူ နှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ဘယ်လ်ဂျီယံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဘယ်လ်ဂျီယံ ရဲတပ်ဖွဲ့၏ အဆိုအရ ဥရောပ၏ အန္တရာယ်အကြီးဆုံး ရာဇဝတ်ဂိုဏ်းများ အနက်၁၀၀ ကျော်မှာ ဘယ်လ်ဂျီယံနိုင်ငံ၌ လှုပ်ရှားနေကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့်တွေ့ဆုံမည်



**ဘူဒါပက်စ် အောက်တိုဘာ ၃၁**

ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘင်သည် လာမည့် နိုဝင်ဘာ ၇ ရက်တွင် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့သို့ သွားရောက်၍ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဟန်ဂေရီဝန်ကြီးချုပ်ရုံးက အောက်တိုဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဝါရှင်တန် ခရီးစဉ်အတွင်း ဝန်ကြီးချုပ်ဗစ်တာအော်ဘင်အနေဖြင့် အမေရိကန်-ရုရှား ထိပ်သီးဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် ဆွေးနွေးရန်ရည်ရွယ်ထားကြောင်း ဟန်ဂေရီ ဝန်ကြီးချုပ်ရုံး သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းအပြင် ဝါရှင်တန်ခရီးစဉ်အတွင်း ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘင်သည် အမေရိကန်အစိုးရ၏ ရုရှားစွမ်းအင်ကဏ္ဍအရေးယူပိတ်ဆို့မှုများမှ ကင်းလွတ်ခွင့်ရရှိရေးအတွက်လည်း ကြိုးပမ်းမည်ဖြစ်ကြောင်း သိရသည်။

ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘင်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အဓိကဥရောပမဟာမိတ်တစ်ဦးဖြစ်သလို ရုရှားသမ္မတပူတင်နှင့်လည်း ဆက်ဆံရေးထိန်းထားနိုင်သူဖြစ်သည်။

ဝါရှင်တန် ခရီးစဉ်အတွင်း ဝန်ကြီးချုပ် ဗစ်တာအော်ဘင်အနေဖြင့် ယူကရိန်းပဋိပက္ခအဆုံးသတ်ရေးကို ရည်ရွယ်သည့် ရုရှား-အမေရိကန် ထိပ်သီးဆွေးနွေးပွဲဖြစ်မြောက်ရေးကို ထည့်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း ဟန်ဂေရီဝန်ကြီးချုပ်ရုံး ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတ ပူတင်တို့သည် ဟန်ဂေရီနိုင်ငံ ဘူခါရက်စ်မြို့၌ တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသော်လည်း နောက်ပိုင်းတွင် အစီအစဉ် ပျက်ခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO

## စပိန်နိုင်ငံ ဆာဂရာဒါဖာမီလီယာဘုရားကျောင်း ကမ္ဘာ့အမြင့်ဆုံးခရစ်ယာန်ဘုရားကျောင်းအဖြစ် မှတ်တမ်းဝင်

**ဘာစီလိုနာ အောက်တိုဘာ ၃၁**

စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ တည်ဆောက်နေသော ဆာဂရာဒါဖာမီလီယာ ဘုရားကျောင်းသည် အောက်တိုဘာ ၃၀ ရက်တွင် ကမ္ဘာ့အမြင့်ဆုံးခရစ်ယာန်ဘုရားကျောင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။



ဘုရားကျောင်း ပင်မမျှော်စင်အစိတ်အပိုင်းတစ်ခုကို အောက်တိုဘာ ၃၀ ရက်တွင် အပြီးသတ်တပ်ဆင်ခဲ့ပြီးနောက် ဆာဂရာဒါဖာမီလီယာ ဘုရားကျောင်းမှာ ကမ္ဘာ့အမြင့်ဆုံး ဘုရားကျောင်းအဖြစ် စာရင်းဝင်ခဲ့ခြင်းဖြစ်သည်။

စပိန်ဗိသုကာပညာရှင် အန်တိုနီဂေါ်ဒီ ပုံစံရေးဆွဲပေးထားသည့် ဆာဂရာဒါဖာမီလီယာ ဘုရားကျောင်းသည် အမြင့် ၁၆၂ ဒသမ ၉၁မီတာ(၅၃၄ပေ)ထိ ရှိသည်။

ယခင် ကမ္ဘာ့အမြင့်ဆုံးခရစ်ယာန်ဘုရားကျောင်းအဖြစ် စံချိန်တင်ထားသော ဘုရားကျောင်းမှာ ဂျာမနီနိုင်ငံမှ အာလ်မာမန်းစတား ဘုရားကျောင်းဖြစ်သည်။

အေဒီ ၁၅၄၃ ခုနှစ်နှင့် ၁၈၉၀ ခုနှစ်ကြား တည်ဆောက်ခဲ့သော အာလ်မာမန်းစတား ဘုရားကျောင်းသည် ပင်မမျှော်စင်ထိပ်ဖျားထိ အမြင့် ၁၆၁ ဒသမ ၅၃ မီတာ (ပေ ၅၃၀)ထိရှိသည်။

ဆာဂရာဒါဖာမီလီယာ၏ ပင်မမျှော်စင်သည် ဆက်လက်တည်ဆောက်နေဆဲဖြစ်ရာ တည်ဆောက်မှုလုပ်ငန်းပြီးဆုံးချိန်တွင် အဆိုပါ ပင်မမျှော်စင်၏အမြင့်မှာ ၁၇၂မီတာ (၅၆၄ပေ)ထိ ရှိလာမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ထိုင်းနိုင်ငံ၏ ပွဲထိုင်းပါတီ ပါတီဥက္ကဋ္ဌသစ်ရွေးချယ်

**ဗန်ကောက် အောက်တိုဘာ ၃၁**

ထိုင်းနိုင်ငံ၏ အင်အားအကြီးမားဆုံးနိုင်ငံရေး ပါတီများထဲတွင် ပါဝင်သော ပွဲထိုင်းပါတီသည် ယနေ့တွင် ပါတီဥက္ကဋ္ဌသစ် ရွေးချယ်ခဲ့ကြောင်း သိရသည်။

ပွဲထိုင်း ပါတီဥက္ကဋ္ဌအဖြစ်မှ ဝန်ကြီးချုပ်ဟောင်း ပေထုန်တန် ရှင်နာဝပ် ပါတီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခဲ့ပြီးနောက် ပါတီဥက္ကဋ္ဌသစ်ကို ပွဲထိုင်းပါတီက ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ပွဲထိုင်းပါတီ ဥက္ကဋ္ဌသစ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသူမှာ ထိုင်းဒုတိယဘဏ္ဍာရေးဝန်ကြီးဟောင်း ဂျူလာပွန်အမွန်းဗီဗက်ဖြစ်ကြောင်း သိရသည်။

အသက် ၃၉ နှစ်အရွယ် ပေထုန်တန်ရှင်နာဝပ်သည် ယခုနှစ် ဩဂုတ်လအတွင်း ဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားခံခဲ့ရပြီးနောက် ပွဲထိုင်းပါတီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ပွဲထိုင်းပါတီသည် ပေထုန်တန်ရှင်နာဝပ်၏ဖခင်ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ် တည်ထောင်ခဲ့သည့် နိုင်ငံရေးပါတီဖြစ်သည်။

ဥပဒေရေးရာအရ စိန်ခေါ်မှုများမှ ပွဲထိုင်းပါတီကို အကာအကွယ် ပေးနိုင်ရေးအတွက် ဝန်ကြီးချုပ်ဟောင်း ပေထုန်တန်ရှင်နာဝပ်က ပါတီဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ပေးခဲ့ခြင်းဖြစ်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာက အသံလှိုင်းပေါက်ကွဲမှုမဖြစ်ဘဲ အသံ၏မြန်နှုန်းကို ကျော်ဖြတ်နိုင်သည့် ဂျက်လေယာဉ်သစ်တစ်မျိုး စမ်းသပ်ပျံသန်းခဲ့



**ဝါရှင်တန် အောက်တိုဘာ ၃၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သည် အသံလှိုင်း ပေါက်ကွဲမှုမဖြစ်ဘဲ အသံ၏မြန်နှုန်းကို ကျော်ဖြတ်နိုင်သည့် ဂျက်လေယာဉ်သစ်တစ်မျိုးကို အောက်တိုဘာ ၃၀ ရက်တွင် စမ်းသပ်ပျံသန်းခဲ့ကြောင်း သိရသည်။

အိတ်စ်-၅၉ အမည်ရှိ အဆိုပါ ဂျက်လေယာဉ်သစ်ကို ကယ်လီဖိုးနီးယားပြည်နယ် ပယ်လ်မာဒဲလ်ရီဂျင်နယ်လေဆိပ်၌ စမ်းသပ်ပျံသန်းခဲ့ခြင်းဖြစ်သည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

စမ်းသပ်ပျံသန်းမှုမှ ပေါ်ထွက်လာသည့်ရလဒ်များကို နာဆာတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

သို့ရာတွင် လေယာဉ်ပျံသန်းမှုများစောင့်ကြည့်ရေး သတင်းဝက်ဘ်ဆိုက်များ၏ အဆိုအရ အိတ်စ်-၅၉ ဂျက်လေယာဉ်သည် ပယ်လ်မာဒဲလ်ရီဂျင်နယ်လေဆိပ်မှ ပျံတက်ခဲ့ပြီးနောက် အမေရိကန်လေတပ် အက်ဒွပ်စ်လေတပ်စခန်းပေါ်၌ တစ်နာရီကျော်ကြာ ပျံသန်းခဲ့ကြောင်း သိရသည်။

အိတ်စ်-၅၉ ဂျက်လေယာဉ်ကို နာဆာသိပ္ပံပညာရှင်များက ဒီဇိုင်းပုံစံရေးဆွဲထားပြီး လော့ခ်ဟိမာတင်ကုမ္ပဏီက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အိတ်စ်-၅၉ ဂျက်လေယာဉ်သည် အသံ၏မြန်နှုန်းကို အသံတိတ်ကျော်ဖြတ်နိုင်ခြေရှိကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## ရုရှားအာကာသအေဂျင်စီ အာကာသယာဉ်မှူးနှစ်ဦးတို့ နိုင်ငံတကာအာကာသစခန်း ပြင်ပသို့ထွက်ခွာ၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ပြုလုပ်ခဲ့

**မော်စကို အောက်တိုဘာ ၃၁**

ရုရှား အာကာသအေဂျင်စီ အာကာသယာဉ်မှူး နှစ်ဦးတို့သည် အောက်တိုဘာ ၃၀ ရက်တွင် နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၃၀ ရက်မစ်ရှင်သည် ရုရှားအာကာသယာဉ်မှူး ဆာဂေးရိုင်ဇီကော့နှင့် အလက်ဆီဇူဘရစ်စကီးတို့၏ ဒုတိယအကြိမ် အာကာသစခန်းပြင်ပ ထွက်ခွာမှုဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်း ပြင်ပသို့ ဒုတိယအကြိမ်ထွက်ခွာချိန်တွင် ရုရှားအာကာသယာဉ်မှူး နှစ်ဦးသည် သိပ္ပံပညာ စမ်းသပ်ရေး ပစ္စည်းများတပ်ဆင်ခဲ့ပြီး အာကာသစခန်းယာဉ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။



ရုရှား အာကာသယာဉ်မှူး နှစ်ဦး၏ နိုင်ငံတကာ အာကာသစခန်း ပြင်ပထွက်ခွာချိန်မှာ ၆ နာရီ ၅၄ မိနစ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

ရုရှား အာကာသယာဉ်မှူး ဆာဂေးရိုင်ဇီကော့နှင့် အလက်ဆီဇူဘရစ်စကီးတို့သည် အောက်တိုဘာ ၁၆ ရက်တွင် နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ပထမဆုံးအကြိမ် ထွက်ခွာခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

ရုရှား အာကာသယာဉ်မှူး နှစ်ဦး အောက်တိုဘာ ၃၀ ရက်တွင် နိုင်ငံတကာ အာကာသစခန်း ပြင်ပသို့ ထွက်ခွာမှုသည် နိုင်ငံတကာ အာကာသစခန်း အာကာသယာဉ်မှူးများ၏ ၂၇၇ ကြိမ်မြောက် အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာမှုဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၉ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် စပေ့စ်အိတ်ကုမ္ပဏီ လွှတ်တင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၃၁**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် အောက်တိုဘာ ၃၀ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၉ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တုသစ်များ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၄ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ထိပ်ဖူး အဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသော စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

အောက်တိုဘာ ၃၀ ရက်မစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီအတွက် ယခုနှစ်၏ ၁၃၈ ကြိမ်မြောက် အာကာသမစ်ရှင် ဖြစ်ကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် အာကာသမစ်ရှင်များအနက် ၉၉ ခုမှာ စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့သော မစ်ရှင်များဖြစ်ကြကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အိပ်ရာဝင်ချိန်နှင့် အစာစားချိန်မမှန်မှုကြောင့် နှလုံးရောဂါများဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**လန်ဒန် အောက်တိုဘာ ၃၁**

အိပ်ရာဝင်ချိန်နှင့် အစာစားချိန်မမှန်မှုကြောင့် နှလုံးရောဂါများဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း အောက်တိုဘာ ၃၀ ရက် သတင်းများအရ သိရသည်။

အထက်ပါ အိပ်ရာဝင်ချိန်နှင့် အစာစားချိန်မမှန်မှုကြောင့် အဝလွန်နိုင်ခြေ၊ ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေနှင့် သွေးတိုးရောဂါဖြစ်နိုင်ခြေ မြင့်တက်လာတတ်ကြောင်း ဗြိတိန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အဝလွန်မှု၊ ပုံစံ-၂ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါတို့သည် နှလုံးရောဂါများ၏ အဓိက နောက်ခံ အကြောင်းတရားများ ဖြစ်ကြသည်။

အိပ်ရာဝင်ချိန် နောက်ကျမှု၊ အစားအစာကြုံသလိုစားသုံးမှုနှင့် အိပ်ရာမဝင်မီ အလင်းတုများဖြင့် အထိအတွေ့ များမှုတို့ကြောင့် နှလုံးအပေါ် ဖိအားသက်ရောက်မှု ရှိလာတတ်ကြောင်း သိရသည်။

အစားအစာ စားသောက်ချိန် ပုံမှန်မရှိမှုနှင့် ညအိပ်ရာဝင်ချိန် နောက်ကျခြင်းကဲ့သို့သော အလေ့အကျင့်များကြောင့် ကိုယ်ခန္ဓာ၏ ဇီဝချိန်ကိုက်မှုစနစ်ပျက်ပြားသွားတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထိုနည်းတူ ညပိုင်းကာလအတွင်း အလင်းတုများနှင့်အထိအတွေ့များမှုကြောင့် ကိုယ်ခန္ဓာ၏ ဇီဝချိန်ကိုက်မှုစနစ် ပျက်ပြားသွားတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဒိန်ခဲကို သီတင်းတစ်ပတ်လျှင် တစ်ကြိမ်မျှ ပုံမှန်စားသုံးခြင်းဖြင့် Dementia ရောဂါဖြစ်နိုင်ခြေ လျော့ချနိုင်

**တိုကျို အောက်တိုဘာ ၃၁**

ဒိန်ခဲကို သီတင်းတစ်ပတ်လျှင် တစ်ကြိမ်မျှ ပုံမှန်စားသုံးခြင်းဖြင့် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ(Dementia) ဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း အောက်တိုဘာ ၃၀ ရက် သတင်းများအရ သိရသည်။

ဂျပန်နိုင်ငံမှ သုတေသနပညာရှင်များသည် ဒိန်ခဲမစားသူများနှင့် သီတင်းတစ်ပတ်လျှင် အနည်းဆုံး တစ်ကြိမ် စားသုံးသူများ အချိုးတူပါဝင်သော လူဦးရေ ၈၀၀၀ ခန့်ကို အချိန်ယူ လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သီတင်းတစ်ပတ်လျှင် တစ်ကြိမ် ဒိန်ခဲစားသုံးသူများသည် ဒိန်ခဲလုံးဝမစားသူများနှင့်နှိုင်းယှဉ်ပါက Dementia ဖြစ်နိုင်ခြေ ၂၄ ရာခိုင်နှုန်းပိုနည်းပါးသည်ကိုတွေ့ရကြောင်း ဂျပန် သုတေသန ပညာရှင်များက ပြောကြားသည်။

အခြား နောက်ခံအကြောင်းတရားများကို ထည့်သွင်းတွက်ချက်ခဲ့လျှင်ပင် ဒိန်ခဲကိုသီတင်းတစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ်စားသုံးမှုသည် Dementia ဖြစ်နိုင်ခြေ ၂၁ ရာခိုင်နှုန်းထိ ကျဆင်းနိုင်မှုနှင့်ဆက်စပ်နေကြောင်း သိရသည်။

ဒိန်ခဲတွင်ပါဝင်သော အာဟာရဓာတ်များသည် Dementia ရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည့် ဂုဏ်သတ္တိများ ရှိနေနိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

ဒိန်ခဲတွင် အမိုင်နိုအက်စစ်၊ ဗီတာမင်-ကေ၊ အောက်ဆီဂျင်ဓာတ်ဖျက်ပစ္စည်းများနှင့်ဇီဝအကျိုးပြု ဗက်တီးရီးယားများပါဝင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO






# Paris Masters တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ဂျန်နစ်ခ်ဆင်နာနှင့် ဇီရက်ဗ်တို့ တက်ရောက်



ပဲရစ် အောက်တိုဘာ ၃၁

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် Paris Masters တင်းနစ်ပြိုင်ပွဲတွင် တတိယအဆင့်၌ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြသည့် အီတလီ တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ဂျာမနီတင်းနစ်ကစားသမား ဇီရက်ဗ်တို့ ကွာတားဖိုင်နယ်အဆင့်သို့ အသီးသီး တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် တတိယအဆင့်တွင် အာဂျင်တီးနား တင်းနစ်ကစားသမား စီရန်ဒိုလိုကို (၇-၅၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာကို ပြန်လည်ရယူနိုင်တော့မည့် ဂျန်နစ်ခ်ဆင်နာသည် ပထမပွဲငယ်တွင် အကြိတ်အနယ် ကစားခဲ့ရသော်လည်း ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

ဂျန်နစ်ခ်ဆင်နာက အနိုင်ရခဲ့သော်လည်း စီရန်ဒိုလိုသည်ပါရမီရှင် ကစားသမားတစ်ဦး ဖြစ်ကြောင်း ချီးကျူးခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန် တင်းနစ်ကစားသမား ရှယ်လ်တန်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားသော ပွဲစဉ်တစ်ပွဲအဖြစ် ဇီရက်ဗ်သည် စပိန်တင်းနစ်ကစားသမား ဒေးဗစ်ဒိုဗစ်ချ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီးဇီရက်ဗ်က (၆-၂၊၆-၄) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

ဇီရက်ဗ်သည် ကွာတားဖိုင်နယ် အဆင့်တွင် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဇီရက်ဗ်က "မျက်ဒဗျက်အကြောင်းကို ကျွန်တော်ကောင်းကောင်းသိတယ်။ တကယ်ကို ခက်ခဲတဲ့ ပြိုင်ဘက်တစ်ယောက်ပါ။ သူနဲ့တွေ့ဆုံတိုင်းလဲ အမြဲတမ်းခက်ခဲခဲ့တယ်။ သူဟာ ကျွန်တော်ရဲ့ အားနည်းချက်လို ဖြစ်နေတယ်။ မျက်ဒဗျက်ကို မဖြစ်မနေ အနိုင်ကစားမယ်။အကောင်းဆုံးကြိုးစားသွားမယ်။ ထိပ်တန်းကစားသမားတွေကို အနိုင်ရချင်တဲ့ဆန္ဒကို ဖြည့်ဆည်းနိုင်အောင် အကောင်းဆုံး ပြင်ဆင်သွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : NDTV

Trs : AZL

# မာတီနက်ဇ် နော်တင်ဟမ်အသင်းနှင့်ပွဲစဉ်တွင် ပါဝင်မည်မဟုတ်ကြောင်း မန်ယူအသင်း ထုတ်ပြန်

မန်ချက်စတာ အောက်တိုဘာ ၃၁

မန်ယူအသင်း ခံစစ်ကစားသမား မာတီနက်ဇ်သည် ဒဏ်ရာမှ ပြန်လည် သက်သာလာပြီးနောက် အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင်ပါဝင်ခဲ့သော်လည်း နော်တင်ဟမ်အသင်းနှင့်ပွဲစဉ်တွင် ပါဝင်မည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည်။

မာတီနက်ဇ်သည် ပြီးခဲ့သည့် ဖေဖော်ဝါရီလက အရွတ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် ကာလရှည် အနားယူခဲ့ရသော်လည်း ဒဏ်ရာ တိုးတက်မှုရှိလာသဖြင့် ပြီးခဲ့သည့်လကတည်းက အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်ခဲ့သည်။

၎င်းအနေဖြင့် ယခု ရက်သတ္တပတ်အတွင်း ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေး အစီအစဉ်များတွင် အပြည့်အဝ ပါဝင်နိုင်ခဲ့သော်လည်း ကြံ့ခိုင်မှု လိုအပ်ချက်ကြောင့် နည်းပြအာမိုရင်က နော်တင်ဟမ်အသင်းနှင့် ကစားမည့် ကစားသမားစာရင်းမှ ချန်လှပ်ခဲ့ကြောင်း သိရသည်။

နည်းပြအာမိုရင်က "မာတီနက်ဇ်ဟာ အသင်းနဲ့ပြုလုပ်တဲ့ လေ့ကျင့်ရေး အစီအစဉ်တွေမှာ ပါဝင်နေပါပြီ။ သူ့ရဲ့ ဒဏ်ရာအခြေအနေက တဖြည်းဖြည်း တိုးတက်လာတာကို တွေ့ရပါတယ်။ ဒါဟာ ကျွန်တော်တို့အတွက် ကောင်းမွန်တဲ့ ရလဒ်ဖြစ်ပါတယ်။ ခံစစ်ကစားသမား မက်ဂွဲယားရဲ့ ဒဏ်ရာက မပြင်းထန်ပေမဲ့ နှစ်ပွဲလောက် စောင့်ကြည့်ရမှာပါ"ဟု ပြောကြားခဲ့သည်။

အသက် ၂၇ နှစ်ရှိ မာတီနက်ဇ်သည် မန်ယူအသင်းသို့ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီက ရောက်ရှိခဲ့ပြီး ပွဲဦးထွက် ဘောလုံးရာသီတွင် ခြေစွမ်းပြနိုင်သော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီနှစ်ရာသီဆက်တိုက် ဒဏ်ရာပြဿနာနှင့် ရုန်းကန်ခဲ့ရကြောင်း သိရသည်။

Ref : Fotmob

Trs : ML




## အားကစားသတင်းအတိုအထွာများ

- ယခုရက်ပိုင်းအတွင်း ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် တိုက်စစ်မှူးလီဝမ်ဒေါ့စကီးနှင့် ဒန်နီအိုမိုတို့ ပြန်လည်ပါဝင်နိုင်ခဲ့သဖြင့် အယ်ချီအသင်းနှင့်ပွဲစဉ်ကို ပါဝင်ကစားမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်း နည်းပြ ဖလစ်က အတည်ပြုပြောကြားခဲ့သည်။
- ဂျူဗင်တပ်အသင်းက အသက် ၆၆ နှစ်ရှိ နည်းပြ စပယ်လက်တီကို ယခုနှစ်ဘောလုံးရာသီကုန်ထိ ကာလတိုစာချုပ်ဖြင့် ခန့်အပ်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။
- အေစီမီလန်အသင်းက ယခုရာသီတွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး ဂျီမီနက်ဇ်ကို ရောင်းချ၍ မန်ယူအသင်း တိုက်စစ်မှူး ဇက်ခ်ဇီးနှင့် အစားထိုးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ML

# ရှက်လိုတာဘက်၏ လုပ်ခလစာ ထပ်တိုးတောင်းဆိုမှုကြောင့် ဒေါ့မွန်အသင်းနှင့် သက်တမ်းတိုးရန် ကြန့်ကြာနေ

ဘာလင် အောက်တိုဘာ ၃၁

ဒေါ့မွန်အသင်း ခံစစ်ကစားသမား ရှက်လိုတာဘက်ကို အသင်းက သက်တမ်းတိုးရန် ကြိုးပမ်းခဲ့ရာ လုပ်ခလစာ ထပ်တိုးတောင်းဆိုမှုကြောင့် သက်တမ်းတိုးရန် ကြန့်ကြာနေကြောင်း သိရသည်။

ခံစစ်ကစားသမား ရှက်လိုတာဘက်သည် ဒေါ့မွန်အသင်းနှင့် ၂၀၂၇ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ကာ တစ်နှစ်လုပ်ခ ယူရို၁၀သန်းထိ ရရှိနေသော်လည်း လက်ရှိ သက်တမ်းတိုးစာချုပ်တွင် ဒေါ့မွန်အသင်းက အပိုဆုကြေး ကို ယူရိုရှစ်သန်းထိ တိုးမြှင့်၍ ကမ်းလှမ်းခဲ့ရာ ကစားသမား ကိုယ်တိုင်က လုပ်ခလစာ ထပ်တိုး တောင်းဆိုခဲ့သောကြောင့် စာချုပ် သက်တမ်းတိုးရန် ကြန့်ကြာနေ ခြင်းဖြစ်သည်။

၎င်းအနေဖြင့် သက်တမ်းတိုး စာချုပ်အတွက် လုပ်ခလစာကို အပိုဆုကြေးမပါ တစ်နှစ်လျှင် ယူရို ၁၄ သန်းနီးပါး တောင်းဆိုခဲ့သောကြောင့် ဒေါ့မွန်အသင်းနှင့် ဆွေးနွေးမှုရပ်တန့်ခဲ့ပြီး ပရီးမီးယား လိဂ်ကလပ် လီဗာပူးအသင်းနှင့် စပိန်လာလီဂါမှ ရီးရဲလ်မက်ဒရစ် အသင်းတို့က အပြိုင်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

ယခင်ကလည်း ဒေါ့မွန်အသင်း သည် ခြေစွမ်းပြကစားသမားများ ကို လုပ်ခလစာ တိုးမြှင့်တောင်းဆို လာလျှင် ရောင်းချခဲ့သည့် အစဉ် အလာရှိသောကြောင့် ရှက်လိုတာ ဘက်သည်လည်း လာမည့် အပြောင်းအရွှေ့တွင် အသင်းမှ ထွက်ခွာနိုင်ကြောင်း သိရသည်။

လက်ရှိတွင်ကစားသမားအနေဖြင့် ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၏ အကောင်းဆုံး ခံစစ်ကစားသမားတစ်ဦးဖြစ်သောကြောင့် စာချုပ်မကုန်ဆုံးမီ ရောင်းချပါက ဒေါ့မွန်အသင်း အတွက် မြင့်မားသည့်ပြောင်းရွှေ့ ကြေးရရှိမည် ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာရန် ကြေညာထားသည့် ကွင်းလယ်ကစားသမားပါကွီတာကို ခေါ်ယူရန် မန်ယူအသင်း စတင်ပြင်ဆင်

မန်ချက်စတာ အောက်တိုဘာ ၃၁

မန်ယူအသင်းက လာမည့် ဇန်နဝါရီကစားသမား အပြောင်း အရွှေ့ကာလတွင် ဝက်စ်ဟမ်း အသင်းမှ ထွက်ခွာမည်ဟု ကြေညာ ထားသည့် ကွင်းလယ်ကစားသမား ပါကွီတာကို ခေါ်ယူရန် စတင် ကြိုးပမ်းနေကြောင်း သိရသည်။

မန်ယူအသင်းသည် အသင်း ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ ကာလတွင် အင်အားဖြည့်တင်းရန် လက်ရှိအချိန်ကတည်းက ပြင်ဆင် နေခြင်းဖြစ်ပြီး ပါကွီတာကိုယ်တိုင် ကလည်း ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာမည်ဟု ကြေညာထား




သည့်အတွက် အလွယ်တကူခေါ်ယူ နိုင်မည့် အခြေအနေကြောင့် ခေါ်ယူရန် စတင်ကြိုးပမ်းနေခြင်း ဖြစ်သည်။

ပါကွီတာသည် အစောပိုင်းက တည်းက အသင်းမှ ထွက်ခွာရန် ပြင်ဆင်နေပြီး မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်ခဲ့ သော်လည်း လောင်းကစားမှု နှင့် ရင်ဆိုင်ခဲ့ရသည့်အတွက် အပြောင်းအရွှေ့ ပျက်ပြယ်ခဲ့ရခြင်း ဖြစ်သည်။

ယခုအခါ ပါကွီတာကိုယ်တိုင်က ဇန်နဝါရီ အပြောင်းအရွှေ့ကာလ တွင် အသင်းမှ ထွက်ခွာမည်ဟု အတည်ပြုခဲ့ပြီးနောက် မန်ယူ အသင်းက ခေါ်ယူရန်အတွက် စတင် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ယခုနှစ်ဘောလုံးရာသီအတွက် ကလပ်အဆင့်သတ်မှတ်ချက်တွင် အာဆင်နယ်အသင်း ထိပ်ဆုံး၌ရပ်တည်




**လန်ဒန် အောက်တိုဘာ ၃၁**

OPTA ၏ စစ်တမ်းကောက်ဖော်ပြမှုများအရ ကလပ်အဆင့်သတ်မှတ်ချက် ထိပ်ဆုံးငါးသင်းစာရင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ ပါဝင်လာခြင်းမရှိခဲ့ဘဲ အာဆင်နယ်အသင်းက ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

OPTA က ကလပ်အသင်းများ၏ ယခုနှစ်ဘောလုံးရာသီ စွမ်းဆောင်မှုများ၊ ဆုဖလားရရှိနိုင်မှုများကို အခြေခံ တွက်ချက်ဖော်ပြခြင်းဖြစ်သည်။

နည်းပြ အာတီတာ၏ အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပုံစံကောင်းပြသနေပြီး ချန်ပီယံလိဂ်၊ ပရီးမီးယားလိဂ်၊ အက်ဖ်အေဖလား၊ ကွာရာဘောင်းဖလား အစရှိသည့် ဆုဖလားစုံ လမ်းကြောင်းပေါ်တွင် ရှိနေခြင်းဖြစ်သည်။

အာဆင်နယ် အသင်းသည် အောက်တိုဘာလတွင်လည်း ပြိုင်ပွဲစုံ ခြောက်ပွဲဆက် အနိုင်ရရှိခဲ့ကာ ပေးဂိုးမရှိဘဲ စံချိန်တင်နိုင်ခဲ့သည်။

OPTA ၏ နောက်ဆုံးဖော်ပြခဲ့သည့် ကလပ်အဆင့် သတ်မှတ်ချက်များအရ အဆင့်(၁)တွင် အာဆင်နယ်အသင်း၊ အဆင့် (၂) တွင် ပီအက်စ်ဂျီအသင်း၊ အဆင့်(၃)တွင် မန်စီးတီးအသင်း၊ အဆင့်(၄)တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် အဆင့်(၅)တွင် လီဗာပူးအသင်းတို့က ရပ်တည်နေကြောင်း သိရသည်။

Ref : OPTA

Trs : STA

# Hong Kong Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို မက်ကစ်ဘင် ဦးဆောင်

**ဟောင်ကောင် အောက်တိုဘာ ၃၁**

တရုတ်နိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသတွင် ကျင်းပနေသည့် Hong Kong Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်ကစ်ဘင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ထိုင်းဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် အဗီဘန်းနက်၊ ဂျိမ်းဝက်တာနာနွန်နှင့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ပီတာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

မက်ကစ်ဘင်သည် ပထမနေ့တွင် Hong Kong Open ဂေါက်သီးရိုက်ပြိုင်ပွဲ၏ သတ်မှတ်ရိုက်ချက်ထက် အနည်းဆုံးရိုက်နိုင်ခဲ့သည့် ပြိုင်ပွဲဝင်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

မက်ကစ်ဘင်သည် ၂၀၂၂ ခုနှစ်ကလည်း Challenge Tour ဂေါက်သီးရိုက်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် အများဆုံးလျော့ရိုက်နိုင်ခဲ့သည့်မှတ်တမ်းကို ရရှိခဲ့ဖူးသည်။

မက်ကစ်ဘင်က "ဒုတိယနေ့မှာ ပထမနေ့တုန်းကလောက် ကောင်းအောင် မကစားနိုင်ခဲ့ပေမဲ့လဲ ရလဒ်ပိုင်းအပေါ်မှာ အားရကျေနပ်မှုရှိပါတယ်။ ပထမနေ့မှာရခဲ့တဲ့ရလဒ်က ဒီပြိုင်ပွဲရဲ့ အကောင်းဆုံး စံချိန်မှတ်တမ်းတစ်ခုလို့သိလိုက်ရတော့ ဝမ်းသာမိပါတယ်။ ဂုဏ်လဲယူပါတယ်။ ဒီလိုတစ်ရက်အတွက် သတ်မှတ်ထားတဲ့သတ်မှတ်ရိုက်ချက် အများဆုံးလျော့ရိုက်နိုင်တဲ့ မှတ်တမ်းကို အရင်ကလဲရခဲ့ဖူးတယ်။ အောင်မြင်မှုတွေ မယူနိုင်ခဲ့ပေမဲ့လဲ မှတ်တမ်းကောင်းတွေတော့ရခဲ့တာ အမှတ်တရပါပဲ။ အခုဒီပြိုင်ပွဲမှာလဲ ဒုတိယနေ့ပြီးတဲ့ထိ အကောင်းဆုံးကစားနိုင်ပြီး နောက်ဆုံးနေ့ထိ ဒီပုံစံကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်အောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL




# လီဗာပူးအသင်းက ရလဒ်ဆိုးများကြောင့် နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် ပြင်ဆင်နေပြီး နည်းပြဇာဗီကို ခန့်အပ်ရန်ပစ်မှတ်ထား

**လန်ဒန် အောက်တိုဘာ ၃၁**

လီဗာပူးအသင်းက ရလဒ်များ ဆက်တိုက်ဆိုးရွားနေသည့်အတွက် နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် ပြင်ဆင်နေပြီး နည်းပြသစ်အဖြစ် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့်ဘာစီလိုနာအသင်းကစားသမားဟောင်းနှင့် နည်းပြဟောင်းဖြစ်သည့် ဇာဗီကိုခန့်အပ်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

လက်ရှိ လီဗာပူးအသင်း နည်းပြစလော့သည် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ပထမဆုံးဘောလုံးရာသီတွင်ပင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကာ ပရီးမီးယားလိဂ်ချန်ပီယံဆုဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

သို့သော် လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် စံချိန်တင်ရလဒ်များ ဆိုးရွားနေပြီး နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံခြောက်ပွဲတွင် ဖရန့်ဖက်အသင်းကိုသာ အနိုင်ရရှိခဲ့ပြီး ငါးပွဲထိရှုံးနိမ့်ခဲ့ကာ ပရီးမီးယားလိဂ်လေးပွဲဆက်ရှုံးနိမ့်ခဲ့သည့်အပြင် နောက်ဆုံးပွဲစဉ်တွင်လည်း ပဲလေ့စ်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ကာ ကွာရာဘောင်းဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် နည်းပြစလော့ အနာဂတ်မှာလည်း ပိုမို မရေမရာဖြစ်လာခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့် အပြောင်းအရွှေ့ကာလက စံချိန်တင်ပြောင်းရွှေ့ကြေးများ အသုံးပြုကာ ကစားသမားအင်အားဖြည့်တင်းမှုများ လုပ်ဆောင်ခဲ့သော်လည်း စံချိန်တင်ရလဒ်ဆိုးများကြုံတွေ့နေရသောကြောင့် အသင်းဘုတ်အဖွဲ့က နည်းပြစလော့၏ အနာဂတ်အတွက် လာမည့်သုံးပွဲကို စောင့်ကြည့်ပြီး ဆုံးဖြတ်ချက်ချမှတ်သွားမည်ဖြစ်သည်။

လီဗာပူးအသင်း ဘုတ်အဖွဲ့ဝင်များက ရလဒ်များ ဆက်လက်ဆိုးရွားနေမည်ဆိုပါက နည်းပြစလော့ကို ရာထူးမှထုတ်ပယ်ပြီး ကလပ်အသင်း လက်မဲ့ဖြစ်နေသည့် နည်းပြဇာဗီနှင့် အစားထိုးရန် စောင့်ကြည့်နေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ဆော်ဒီနိုင်ငံက ၂၀၃၄ ကမ္ဘာ့ဖလားအတွက် ဘောလုံးကွင်းသစ်တစ်ကွင်းကို အမြင့်ပေ မီတာ ၃၅၀ တွင် တည်ဆောက်မည်

**ရီယာ့ဒ် အောက်တိုဘာ ၃၁**

ဆော်ဒီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၃၄ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အမြင့်ပေ မီတာ ၃၅၀ တွင် ဘောလုံးကွင်းသစ်တည်ဆောက်သွားမည်ဖြစ်သည်။

ဆော်ဒီနိုင်ငံသည် ၂၀၃၄ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် ရွေးချယ်ခံခဲ့ရခြင်းဖြစ်ပြီး လက်ခံကျင်းပသွားမည်ဖြစ်သည်။

ဆော်ဒီနိုင်ငံ အစိုးရကလည်း နောက်ပိုင်းတွင် ဘောလုံးအားကစားနည်းဘက်တွင် သိသိသာသာ ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်လာခဲ့ပြီးလာမည့် ၂၀၃၄ ကမ္ဘာ့ဖလားပြိုင်ပွဲကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိမည်ဖြစ်သည့်အတွက် ပြိုင်ပွဲကို ငွေကြေးများစွာရင်းနှီးမြှုပ်နှံကာ ခမ်းခမ်းနားနားကျင်းပရန် စီစဉ်ထားပြီး အားကစားကွင်း သစ်ကိုလည်း အဆင့်မြင့် တည်ဆောက်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဆော်ဒီနိုင်ငံက ကမ္ဘာ့ဖလားပြိုင်ပွဲကို မြို့ငါးမြို့ရှိ အားကစားကွင်း ၁၅ ကွင်းတွင် ကျင်းပသွားမည်ဖြစ်ပြီး အမြင့်ပေ မီတာ ၃၅၀ တွင်တည်ဆောက်မည့် အားကစားကွင်းသစ်တစ်ကွင်းကို ပရိသတ်ဦးရေ ၄၆၀၀၀ ဝင်ဆံ့သည့်ကွင်းအဖြစ် တည်ဆောက်မည်ဖြစ်ကာ ၂၀၂၇ ခုနှစ်တွင် စီမံကိန်းစတင်မည်ဖြစ်ပြီး ၂၀၃၂ ခုနှစ်တွင် ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# လီဝမ်ဒေါ်စကီး၏နေရာတွင် အိုစီမန်နှင့် အစားထိုးရန် ဘာစီလိုနာအသင်း ပစ်မှတ်ထားနေ

**ဘာစီလိုနာ အောက်တိုဘာ ၃၁**

ဘာစီလိုနာ အသင်းသည် အသင်းတိုက်စစ်ပိုင်းတွင် ဒဏ်ရာမကြာခဏရရှိနေသည့် တိုက်စစ်မှူး လီဝမ်ဒေါ်စကီးနေရာတွင် ဂါလာတာစာရေး တိုက်စစ်မှူး အိုစီမန်နှင့်အစားထိုးရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

အိုစီမန်သည် ယခုနှစ်ဘောလုံးရာသီတွင် နာပိုလီအသင်းမှ ဂါလာတာစာရေး အသင်းသို့ မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိခဲ့သော်လည်း ယခုအခါ ကစားသမားအနေဖြင့် ဥရောပထိပ်သီးကလပ်တစ်ခုခုသို့ပြန်လည်ပြောင်းရွှေ့ရန် ဆန္ဒရှိခဲ့ပြီး ဘာစီလိုနာအသင်းက ခေါ်ယူရန် စိတ်ဝင်စားခဲ့ခြင်းဖြစ်သည်။




အိုစီမန်သည် ၂၀၂၄- ၂၀၂၅ ဘောလုံးရာသီကလည်း ဂါလာတာစာရေးအသင်းတွင် အငှားစာချုပ်ဖြင့် ကစားခဲ့စဉ်က ပြိုင်ပွဲစုံ ၄၁ ပွဲတွင် သွင်းဂိုး ၃၇ ဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ ဘဏ္ဍာရေး အခက်အခဲကြောင့် ခေါ်ယူနိုင်မှုမရှိခဲ့ခြင်းဖြစ်သည်။

သို့သော် ဘာစီလိုနာအသင်းသည် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီတွင် တိုက်စစ်ပိုင်း၌ ထိပ်သီးအဆင့် ကစားသမားတစ်ဦးဖြင့် အစားထိုးရန် စီစဉ်ထားသောကြောင့် အိုစီမန်သည် အသင်း၏ အဓိကပစ်မှတ်ဖြစ်လာခဲ့သည်။

လက်ရှိတွင် အိုစီမန်သည် ဂါလာတာစာရေး အသင်းနှင့် လေးနှစ်စာချုပ် ချုပ်ဆိုထားပြီး တစ်နှစ်လုပ်ခ ယူရို ၁၅ သန်းအပြင် အပိုဆုကြေးအတွက် ယူရိုတစ်သန်း ပုံရိပ်အသုံးပြုခအတွက် ယူရို ငါးသန်းထိ ရရှိနေသည့်အတွက် တူကီယဲစူပါလိဂ်တွင် လုပ်ခလစာ အကောင်းဆုံး ကစားသမားအဖြစ် ရပ်တည်လျက် ရှိကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# တာဝန်ကျေပွန်တဲ့ နိုင်ငံသားတစ်ဦးဖြစ်ဖို့ ရွေးကောက်ပွဲမှာ မဲပေးပါ

ကိုကိုအောင်

**နိဒါန်း**

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများအခန်း ပုဒ်မ ၄ တွင် "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်"ဟုပြဋ္ဌာန်းထားသည်။ ပုဒ်မ ၇ တွင် "နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်"ဟု ပြဋ္ဌာန်းထားသည်။

ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ကျင့်သုံးနေသမျှ ကာလပတ်လုံး ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်ဟု မှတ်ယူရမည့် ရွေးကောက်ပွဲဖြစ်စဉ်ကို မလွဲမသွေ ဖြတ်သန်းကြရပေမည်။ "ရွေးကာက်ပွဲများသည် ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။ ဒီမိုကရေစီ ဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်" ဟုလည်း ဆိုကြပေသည်။

မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်ပွဲတွင် ဆန္ဒမဲပေး၍ မိမိတို့ကိုယ်စား နိုင်ငံပြုပုဂ္ဂိုလ်များ ဖြစ်ကြမည့် ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ကြရသည်။ ရွေးကောက်ခံရသည့် ကိုယ်စားလှယ်များက နိုင်ငံတော်၏ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးတို့ကို တည်ဆောက်ရင်း အပြန်အလှန် ထိန်းကျောင်းရင်းဖြင့် နိုင်ငံသားများထံမှ ဆင်းသက်လာသည့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ အရပ်ရပ်ကို နိုင်ငံသားများကိုယ်စား ကျင့်သုံးဖော်ဆောင်ကြရပေသည်။ ထို့ကြောင့် ရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် အမျိုးသားအကျိုးစီးပွားဖော်ဆောင်ရေးတို့အတွက်ပင် မဏ္ဍိုင်ဖြစ်သည်"ဟု မှတ်ယူရပေမည်။

**နိုင်ငံသားတာဝန်နှင့်နိုင်ငံသားအခွင့်အရေး**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၉(က)တွင် "နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက် တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်" ဟူ၍ ပြဋ္ဌာန်းထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ (က) တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟုလည်းကောင်း၊ ပုဒ်မခွဲ(ခ) တွင် ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာမဲဆန္ဒရှင်များက ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည် ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။ သို့သော် နိုင်ငံသားအဖြစ် ရွေးကောက်ပွဲတွင် မဲပေးခွင့်နှင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်အတွက် သက်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ရန်လိုအပ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ရွေးကောက်ပွဲတွင် မဲပေးရန်တာဝန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားတာဝန်တစ်ရပ်ဖြစ်သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးကောက်ပွဲတွင် မဲပေးကြရမည်ဖြစ်သည်။

**ဆန္ဒမဲပေးခွင့်ရှိသည့်မဲဆန္ဒရှင်**

မဲဆန္ဒရှင်ဆိုသည်မှာ လွှတ်တော်ရွေးကောက်ပွဲတစ်ရပ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူကို ဆိုသည်။

> ❖ မဲဆန္ဒနယ်အတွင်းရှိသော်လည်း ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံသို့မလာရောက်နိုင်သည့် အနာကြီးရောဂါစွဲကပ်နေသူ၊ ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရသူ၊ အိုမင်းမစွမ်းသူ၊ သားဖွားနေသူ၊ ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူ၊ ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရသူ၊ မဲစာရင်းပါရှိရာဒေသမှကျော်လွန်၍ ယာယီတာဝန်သွားရောက်ထမ်းဆောင်နေရသည့် နိုင်ငံ့ဝန်ထမ်း၊ တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များသည် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ❖

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူများ၊ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူများသည် ဆန္ဒမဲပေးခွင့်ရှိသည်။ အဆိုပါမဲဆန္ဒရှင်စာရင်း(မဲစာရင်း)ကို ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေပါအတိုင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက မဲစာရင်းပြုစုရမည်။

**ဆန္ဒမဲပေးခွင့်မရှိသူများ**

သာသနာ့ဝန်ထမ်း၊ ထောင်ဒဏ်ကျခံနေရသူ၊ စိတ်ပေ့ါသွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊ လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံးမှ ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား အဖြစ်ခံယူထားသူများသည် ဆန္ဒမဲပေးပိုင်ခွင့်မရှိပါ။

**ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ**

ရွေးကောက်ပွဲကျင်းပသည့်အချိန်၌ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏သံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးအဆင့်ဆင့်၏ သံအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ သံရုံးအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ ပညာတော်သင်များနှင့် အိမ်ထောင်စုဝင်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များအပါအဝင် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများနှင့် အိမ်ထောင်စုဝင်များသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေမိသားစုဝင်များ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေသော အတွင်းလူနာများနှင့် ယာယီနေရပ် စွန့်ခွာနေရသူများသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

မဲဆန္ဒနယ်အတွင်းရှိသော်လည်း ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မဲရုံသို့မလာရောက်နိုင်သည့် အနာကြီးရောဂါ စွဲကပ်နေသူ၊ ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရသူ၊ အိုမင်းမစွမ်းသူ၊ သားဖွားနေသူ၊ ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူ၊ ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရသူ၊ မဲစာရင်းပါရှိရာဒေသမှ ကျော်လွန်၍ ယာယီတာဝန် သွားရောက်ထမ်းဆောင်နေရသည့် နိုင်ငံ့ဝန်ထမ်း၊ တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များသည် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

လက်ရှိနေရာတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်ပြီးဖြစ်သော မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များသည် မိမိတို့၏ အမြဲတမ်းနေရပ်သို့ သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရန် မဲစာရင်းထည့်သွင်းခြင်းကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လျှောက်ထားနိုင်သည်။

**မဲဆန္ဒနယ်ပြောင်း၍ ဆန္ဒမဲပေးခြင်း**

မဲဆန္ဒရှင်သည် မိမိအမည်စာရင်းပါရှိသောမဲဆန္ဒနယ်တွင်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ မဲဆန္ဒနယ်ပြောင်းရွှေ့၍ ဆန္ဒမဲပေးလိုပါက သတ်မှတ်ထားသည့် ပုံစံနှင့်အညီ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ လျှောက်ထားနိုင်သည်။

**မဲဆန္ဒရှင်စာရင်းပြင်ဆင်ခြင်း**

မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းတွင် တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခွင့်မရှိပါ။ မဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း မရှိလျှင်လည်းကောင်း၊ မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်မရှိသူတစ်ဦး၏အမည် ပါဝင်နေကြောင်း ကန့်ကွက်လိုလျှင် လည်းကောင်း၊ မဲစာရင်းပါအချက်အလက်အချို့ကို ပြင်ဆင်လိုလျှင်လည်းကောင်း၊ သတ်မှတ်ထားချက်များနှင့်အညီ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများသို့ အချိန်နှင့်တစ်ပြေးညီ လျှောက်ထားနိုင်သည်။

**မဲဆန္ဒရှင်တစ်ဦး၏ အခွင့်အရေး**

လွှတ်တော်ကိုယ်စားလှယ်လောင်းများကို လျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခွင့်ရှိသည်။ လွတ်လပ်စွာ မိမိဆန္ဒနှင့်အညီ မဲပေးနိုင်သည်။ ကြိုတင်ဆန္ဒမဲပေးရာတွင် ကြိုတင်ဆန္ဒမဲလက်မှတ်ရှိ အမည်များကို မဖတ်တတ်လျှင် သို့မဟုတ် ဆန္ဒမဲမပေးတတ်လျှင် လည်းကောင်း၊ အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးရာတွင် မဲမပေးတတ်ပါကလည်းကောင်း မဲစာရင်း၌ပါရှိသော မိမိ၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ညီအစ်ကို မောင်နှမအရင်း တစ်ဦးဦးအား မိမိညွှန်ကြားသည့်အတိုင်း လျှို့ဝှက်ဆန္ဒပြုစေနိုင်သည်။ ယင်းပုဂ္ဂိုလ်များမရှိခဲ့လျှင် မဲရုံတွင်ဆိုပါက မဲရုံမှူးအား အကူအညီ တောင်းနိုင်သည်။ မသန်စွမ်းသူဖြစ်လျှင် မဲစာရင်း၌ပါရှိသော မိမိ၏ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ညီအစ်ကို မောင်နှမအရင်း တစ်ဦးဦး သို့မဟုတ် မသန်စွမ်းသူကိုယ်တိုင် ရွေးချယ်သူတစ်ဦးဦး၏ အကူအညီဖြင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ရွေးကောက်ပွဲမကျင်းပမီသော်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပနေစဉ်သော်လည်းကောင်း၊ ရွေးကောက်ပွဲ ကျင်းပပြီးသည့်နေ့မှစ၍ ၁၅ ရက်အတွင်းသော်လည်းကောင်း ရွေးကောက်ပွဲပြစ်မှုများနှင့်စပ်လျဉ်း၍ သက်သေအထောက်အထား ခိုင်လုံစွာဖြင့် သက်ဆိုင်ရာရဲစခန်းသို့ တိုင်တန်းနိုင်သည်။ ကိုယ်စားလှယ်လောင်းတစ်ဦး၏ ရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်း မိတ္တူမှန်ကို တစ်မျက်နှာလျှင် ငွေကျပ် ၁၀၀၀ ပေးဆောင်၍ ရယူခွင့်ရှိသည်။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယင်းရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း လျှောက်ထားနိုင်ခွင့်ရှိသည်။

**မဲရုံသို့သွားကာမဲပေးကြပါစို့**

မိမိ၏ အမည်စာရင်းပါရှိသည့် သက်ဆိုင်ရာ မဲရုံသို့ နံနက် ၆ နာရီမှ ညနေ ၄ နာရီအတွင်း ကိုယ်တိုင်သွားရောက်၍ မိမိကြိုက်နှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်မဲပေးနိုင်သည်။ မဲရုံတစ်ရုံစီ၌ ဆန္ဒမဲပေးရန် လျှို့ဝှက်ဆန္ဒပြုခန်းများ၊ အီလက်ထရောနစ်မဲပေးစက်များ၊ သက်ဆိုင်ရာ လွှတ်တော်မဲပုံးများ၊ ဘောလ်ပင်များ၊ လက်သန်းမင်တို့သည့် မင်များကို စနစ်တကျ စီစဉ်ဆောင်ရွက်ထားရှိသည်။

**မဲရုံတွင်မဲပေးရာတွင် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပါ**

ရွေးကောက်ပွဲတွင် ပုဂ္ဂိုလ်တစ်ဦး၏ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ကျင့်သုံးခြင်းမပြုနိုင်စေရန် အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်ဩဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးဦးအား ဆန္ဒမဲပေးခြင်းမပြုနိုင်စေရန် နှောင့်ယှက်ခြင်း သို့မဟုတ် နှောင့်ယှက်ရန်အားပေးကူညီခြင်း မပြုလုပ်ရပါ။ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ၊ တမင်ကြံရွယ်ချက်ဖြင့် ဖျက်ဆီးခြင်း သို့မဟုတ် ဖတ်ရှု၍မရစေရန် ပြုလုပ်ခြင်းတို့ မပြုလုပ်ရပါ။ အီလက်ထရောနစ် မဲပေးစက်များအား တမင်ကြံရွယ်ချက်ဖြင့် ဖျက်ဆီးခြင်းမပြုလုပ်ရပါ။ ကြိုတင်ဆန္ဒမဲလက်မှတ်ကို မသမာသောနည်းဖြင့် အခြားသူတစ်ဦးအား ပေးခြင်းမပြုလုပ်ရပါ၊ ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း၊ မဲပုံးကို အခွင့်မရှိဘဲ ယူဆောင်သွားခြင်း၊ မဲလက်မှတ်ကို ဖျက်ဆီးခြင်းမပြုလုပ်ရပါ၊ မဲဆန္ဒနယ်တစ်နယ်ထက်ပို မဲပေးခြင်း၊ လွှတ်တော်မဲဆန္ဒ

စာမျက်နှာ ၁၁ သို့ á

# ရွှေဆံတော်စေတီတော် အကြိမ် ၁၃၀ မြောက် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲနှင့် ၄၈ ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ လှည့်လည်အပူဇော်ခံပွဲ ကျင်းပမည်



ရန်ကုန် အောက်တိုဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ရွှေဆံတော်စေတီတော် အကြိမ် ၁၃၀ မြောက် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲနှင့် ၄၈ ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ လှည့်လည်အပူဇော်ခံပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်နှင့်တန်ဆောင်မုန်းလပြည့်နေ့တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ရွှေဆံတော်စေတီ ဘဏ္ဍာတော်ထိန်း ဂေါပကဥက္ကဋ္ဌ ဦးအေးကိုထံမှ သိရသည်။

မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲတွင် ယခင်နှစ်များအတိုင်း ရက်ကန်းစင် ခုနစ်စင်ဖြင့် မသိုးသင်္ကန်း ရက်လုပ် ပူဇော်သွားမည်ဖြစ်ပြီး ရက်လုပ် ပြီးစီးသွားသည့် မသိုးသင်္ကန်းများကို လပြည့်နေ့ နံနက် ၄ နာရီ မိနစ် ၃၀ တွင် စေတီတော် ရင်ပြင်ရှိ သတ်မှတ်တန်ဆောင်း အတွင်း ဗုဒ္ဓရုပ်ပွားတော်များကို မသိုးသင်္ကန်း ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

"မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကတော့ပြိုင်ပွဲမဟုတ်တဲ့အတွက် စိတ်အေးချမ်းသာစွာ ကုသိုလ်ရှေ့ထားပြီးတော့ ရက်လုပ်ပူဇော်ကြမှာဖြစ်ပါတယ်။ ဒီနှစ်မှာလဲ အရင်နှစ်တွေအတိုင်း အမရာစင်တော်၊ သမ္မုလစင်တော်၊ သုစိတာစင်တော်၊ မန္ဒိဒေဝီစင်တော်၊ ဂေါတမီစင်တော်၊ သုဇာတစင်တော်၊ ပပဝတီစင်တော်တွေက ရက်လုပ်ပြီး သင်္ကန်းတော်တွေကို ရွှေဆံတော်စေတီတော် အထက်ပစ္စယာမှာ သီတင်းသုံးနေတဲ့ ပဉ္စလောဟာ ဗုဒ္ဓရုပ်ပွားတော်ကြီးနဲ့ သတ်မှတ်တန်ဆောင်းအသီးသီးက ဗုဒ္ဓရုပ်ပွားတော်တွေမှာ ဆက်ကပ်ပူဇော်သွားမှာ ဖြစ်ပါတယ်" ဟု ဦးအေးကိုက ပြောပြသည်။

အဆိုပါ ရက်ကန်းစင် ခုနစ်စင်တွင် တွံတေးမြို့နယ်အတွင်းရှိ ရှမ်းစုကြီးနှစ်စင်၊ ညောင်တံခါးနှစ်စင်၊ ငါးခုမ်းမစမ်းတစ်စင်၊ ရွှေဆံတော်တစ်စင်၊ ကျုံးကြီးတစ်စင်ဖြစ်ပြီး ရှမ်းလေးရွာမှ ရှမ်းတိုင်းရင်းသူ လှပျိုဖြူအမျိုးသမီးများက ပါဝင်ရက်လုပ်ပူဇော်ကြမည်ဖြစ်ကာ တန်ဆောင်မုန်းလပြည့်နေ့ မွန်းလွဲ ၂ နာရီတွင် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ရုပ်ကွက်များအတွင်း လှည့်လည်အပူဇော်ခံမည်ဖြစ်ကြောင်း ရွှေဆံတော်စေတီ ဘဏ္ဍာတော်ထိန်း ဂေါပကဥက္ကဋ္ဌ ဦးအေးကိုထံမှ သိရသည်။

ASH

# The Black Ball ဒရာမာဇာတ်ကား၌ မင်းသမီး ဂလန်းကလို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်

နယူးယောက် အောက်တိုဘာ ၃၁

The Black Ball အမည်ရှိ စပိန် ဒရာမာဇာတ်ကားသစ်တွင် မင်းသမီး ဂလန်းကလို့ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၃၀ ရက် သတင်းများအရ သိရသည်။

The Black Ball ဇာတ်ကားတွင် မင်းသမီး ဂလန်းကလို့သည် စပိန်မင်းသမီး ပင်နလော့ခရုနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

The Black Ball ဇာတ်ကားသည် ခေတ်သုံးခေတ်တွင် ရှင်သန်ခဲ့ကြသည့် အမျိုးသားသုံးဦးတို့၏ အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် စပိန်မင်းသား ကားလို့စ်ဂွန်ဇာလက်၊ မီဂွဲ ဘာနာဒေးနှင့် ဂစ်တာရီကာဒီလာဖွာအန်တီတို့လည်း ပါဝင်ထားသည်။

The Black Ball ဇာတ်ကားကို စပိန်ကဗျာဆရာနှင့် ပြဇာတ်ရေးဆရာ ဖီဒီရီကိုဂါစီယာလိုလာ၏ ပြဇာတ်ဇာတ်လမ်း တစ်ပုဒ်ကို အခြေခံရိုက်ကူးမည်ဖြစ်ပြီး စပိန်ဒါရိုက်တာ ဇေဗီယာကယ်ဗိုနှင့် ဇေဗီယာအမ်ဘရော့ဆီတို့က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# တေးသံရှင် ဇော်ဝင်းထွဋ်၊ စည်သူလွင်၊ ဝေလတို့၏ ဆေးပေါင်းခတ်ညသည် တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Pioneer PLUS Entertainment တွင် ပြုလုပ်မည်ဖြစ်

ရန်ကုန် အောက်တိုဘာ ၃၁

တေးသံရှင် ဇော်ဝင်းထွဋ်၊ စည်သူလွင်၊ ဝေလတို့၏ဆေးပေါင်းခတ်ညသည် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Pioneer PLUS Entertainment တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါတေးဂီတဖျော်ဖြေပွဲတွင် ပါဝင်သီဆိုဖျော်ဖြေမည့် တေးသံရှင် စည်သူလွင်ထံမှ သိရသည်။

အဆိုပါ ဆေးပေါင်းခတ်ညသည် တေးဂီတဖျော်ဖြေပွဲတွင် ပါဝင်သီဆို ဖျော်ဖြေကြမည့် တေးသံရှင်များကို The Emperor Band တေးဂီတအဖွဲ့နှင့် 1982 Band တေးဂီတအဖွဲ့တို့က အကောင်းဆုံး တီးခတ်ပံ့ပိုးကူညီပေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

"တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၄ ရက်) ညမှာ Pioneer PLUS မှာ အတူတူရှိပါ ကိုညီထွဋ်၊ ကိုဝေလတို့နဲ့အတူ The




မယ်။ ကျွန်တော်တို့နဲ့အတူ The Emperor Band နဲ့ 1982 Band တို့ကလဲ အကောင်းဆုံး တီးခတ်ပေးသွားမှာပါ။ ကျွန်တော်တို့ တင်ဆက်မှုအပြီးမှာတော့ Pioneer PLUS ရဲ့ အမိုက်စား DJ Line Up တွေကလဲ ပုံမှန်အတိုင်း တစ်ညလုံး ဖျော်ဖြေပေးကြအုံးမှာမို့ ဆေးပေါင်းခတ်ညသည် သံစဉ်ထဲမှာ လွင့်မျောကြရအောင်"ဟု တေးသံရှင် စည်သူလွင်က ပြောပြသည်။

တေးသံရှင် ဇော်ဝင်းထွဋ်၊ စည်သူလွင်၊ ဝေလတို့၏ ဆေးပေါင်းခတ်ညသည် တေးဂီတ ဖျော်ဖြေပွဲကို Pioneer PLUS Entertainment ၌ နိုဝင်ဘာ ၄ ရက် ည ၈ နာရီ မိနစ် ၃၀ တွင် စတင်ဖျော်ဖြေပေးမည်ဖြစ်ကြောင်း တေးသံရှင် စည်သူလွင်ထံမှ သိရသည်။

ASH

# Alone Together ရုပ်ရှင်ဇာတ်ကား၌ ကယ်လမ်တန်နာနှင့် အက်ဒရီယာအာဂျိုနာတို့ပါဝင်မည်

နယူးယောက် အောက်တိုဘာ ၃၁

Alone Together အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ မင်းသား ကယ်လမ်တန်နာနှင့် မင်းသမီး အက်ဒရီယာအာဂျိုနာတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၃၀ ရက် သတင်းများအရ သိရသည်။

Alone Together ဇာတ်ကားတွင် မင်းသားကယ်လမ်တန်နာနှင့် မင်းသမီး အက်ဒရီယာအာဂျိုနာတို့သည် မင်းသား အမ်ပီရာအယ်မာဆရီနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် အာရေးဗီးယား သဲကန္တာရဒေသ၌ ခရီးလှည့်လည်နေစဉ် ဘဝပြဿနာများ ရင်ဆိုင်ခဲ့ရသည့် ရုပ်ရှင်ဒါရိုက်တာတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Alone Together ဇာတ်ကားကို အင်္ဂလိပ်ဒါရိုက်တာ ဘင်ရှားရော့က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Alone Togetherဇာတ်ကား၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဘင်ရှားရော့ကပင် တာဝန်ယူ ရေးသားထားပြီး လက်ရှိအချိန်တွင် အဆိုပါဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




ခံစာမျက်နှာ ၁၀ မှ အဆက်

နယ်တွင် တစ်ကြိမ်ထက် ပိုမိုပေးခြင်းမပြုလုပ်ရပါ၊ သူတစ်ပါးအယောင်ဆောင်၍ မဲပေးခြင်း၊ ရွေးကောက်ပွဲကျင်းပစဉ် မဲရုံအတွင်းသို့ အခွင့်မရှိ ဝင်ရောက်ခြင်းမပြုလုပ်ရပါ၊ အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်တစ်ခုခုကိုဖြစ်စေ၊ အများကိုဖြစ်စေ မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း မပြုလုပ်ရပါ၊ ဆန္ဒမဲပေးသည့်နေ့တွင် ဆန္ဒမဲပေးရန် လာရောက်သူများ စိတ်ငြိုငြင်စေရန် သို့မဟုတ် မဲရုံတွင် တာဝန်ကျသော မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဝတ္တရားဆောင်ရွက်ခြင်းကို အနှောင့်အယှက်ဖြစ်စေရန် မဲရုံအတွင်း၌ဖြစ်စေ မဲရုံမှ ကိုက် ၅၀၀ အတွင်း၌ဖြစ်စေ အသံချဲ့စက် အစရှိသော အသံကိုကျယ်အောင် ပြုလုပ်သည့် ကိရိယာတန်ဆာပလာ သုံးစွဲခြင်း၊ အော်ဟစ်ခြင်း မပြုလုပ်ရပါ။ မဲရုံမှူး သို့မဟုတ် တာဝန်ကျရဲတပ်ဖွဲ့ဝင် သို့မဟုတ် လုံခြုံရေးတာဝန်ရှိသူ၏ ဆောင်ရွက် ပြောကြားချက်များကို လေးစားလိုက်နာရန် တာဝန်ရှိပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် နိုင်ငံသားတိုင်း မဲပေးခွင့်ရရှိစေရန်နှင့် ဥပဒေနှင့်အညီ မဲပေးနိုင်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများအနေဖြင့်လည်း ဥပဒေအား လိုက်နာဆောင်ရွက်၍ စနစ်တကျမဲပေးကြရန် တာဝန်ရှိပါသည်။ သို့ဖြစ်၍ နိုင်ငံသားတာဝန်ကျေပွန်စွာဖြင့် မိမိတို့တိုင်းပြည်ကို မိမိတို့လက်ဖြင့်တည်ဆောက်ဖို့ မဲရုံသို့သွားကာ မဲပေးကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။

# Kathina robe offering ceremony 2025 takes place at Maravijaya Monastery





Senior General Min Aung Hlaing, Daw Kyu Kyu Hla and the congregation take the Five Precepts from Presiding Patron of Maravijaya Monastery Aggamaha Pandita Aggamaha Saddhammajotikadhaja Bhaddanta Neminda.

**Nay Pyi Taw October 31**

The Kathina robe offering ceremony 2025 took place at Maravijaya Monastery in the precinct of Maravijaya Buddha Park in Dekkhinathiri Township of Nay Pyi Taw Union Territory this morning.

The ceremony was attended by Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla to offer Kathina robes and offertories.



Senior General Min Aung Hlaing looks round the display of Padethabin structures adorned with offertories.

The ceremony was graced by the presence of Presiding Patron of Pali Tekkatho Mingalazeyon Buddhism Learning Centre in Pyinmana Aggamaha Pandita Aggamaha Saddhammajotikadhaja Bhaddanta Vimala Buddhi, invited members of the Sangha and senior monks from Maravijaya Monastery. Also present at the ceremony were Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla, together with Commission Vice Chairman Vice-Senior General Soe Win and his wife Daw Than Than Nwe, Commission member and Prime Minister U Nyo Saw and his wife, Commission member and Executive Chief U Aung Lin Dwe and his wife, Commission member and Joint Executive Chief General Ye Win Oo and his wife, commission members and their wives, Union-level dignitaries, Union Ministers and their wives, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief and their wives, the commander of Nay Pyi Taw Command and officials.

First, the Senior General offered meals in the alms-bowl, fruits, flowers and water to the Buddha image in the monastery.

The ceremony was opened with three-time recitation of Mamo Tassa.

The Senior General and congregation took the Five Precepts from Presiding Patron of Maravijaya Monastery Aggamaha Pandita Aggamaha Saddhammajotikadhaja Bhaddanta Neminda while members of the Sangha recited Metta Sutta.



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer Kathina robes and alms to Presiding Patron of Maravijaya Monastery Aggamaha Pandita Aggamaha Saddhammajotikadhaja Bhaddanta Neminda.

The Senior General and his wife donated Kathina robes and alms to Presiding Patron of Maravijaya Monastery Aggamaha Pandita Aggamaha Saddhammajotikadhaja Bhaddanta Neminda.

The Vice-Senior General Soe Win and his wife presented Kathina robes and offertories to Presiding Patron of Pali Tekkatho Mingalazeyon Buddhism Learning Centre Sayadaw.

The Commission member and Prime Minister and his wife, the Commission member and Executive Chief and his wife, the Commission Secretary and Joint Executive Chief and his wife, commission members and Union ministers offered Kathina robes and offerings to members of the Sangha.

Mingalazeyon Sayadaw delivered a sermon, while the Maravijaya Monastery Sayadaw shared merits gained.

The ceremony ended with three-time recitation of Buddha Sasanam Ciram Titthatu. The Senior General and distinguished guests viewed round the display of Padethabin structures adorned with offertories to be donated to Maravijaya Monastery.

The Senior General and his wife performed the rituals of golden and silver showers to mark the successful completion of the ceremony.

After the ceremony, the Senior General, his wife and the congregation offered day meals to members of the Sangha.

At the ceremony, the value of Kathina robe offering amounted to K53,501,000 including 12 Padethabin structures worth K2,5167,600 and K28,333,400 in cash. 100



Vice-Senior General Soe Win and Daw Than Than Nwe present Kathina robes and offertories to Presiding Patron of Pali Tekkatho Mingalazeyon Buddhism Learning Centre Sayadaw.

# Authorities earmark cultivation of over 8,000 acres of maize and sweet corns in Myinmu Township


A thriving sweet corn plantation.

**Myinmu October 31**

Statistics of Sagaing District Agriculture Department stated that local authorities have earmarked cultivation of more than 8,000 acres of maize and sweet corns as cold season crops in Myinmu Township of Sagaing Region this year.

During the 2025–2026 winter crop season, Myinmu Township has planned to cultivate 2,192 acres of maize and 6,347 acres of corn for consumption, totaling 8,539 acres. The cultivation period will run from October to December this year, according to reports.

"This year, Myinmu Township plans to grow over 8,000 acres of maize and corn for consumption during the coming winter crop season. We are working to achieve full implementation of the planned acreage. At present, maize cultivation has already exceeded the targeted acreage. To ensure successful maize production, we are conducting awareness activities and educating farmers on pest and disease prevention," said Daw Myat Moe Win, Head of the Sagaing District Agriculture Department.

This year, the Myinmu Township Agriculture Department is providing training courses and demonstration field shows for farmers engaged in maize and corn cultivation. It is also conducting awareness programmes on preventive measures against the fall armyworm, integrated pest management, and the proper use of pesticides and insecticides for crops such as maize, ginger, and chili.

In Myinmu Township, maize yields over 50 baskets per acre, with a cultivation cost of around K500,000 per acre. Corn for consumption yields about 15,000 ears per acre, with a cultivation cost of over K500,000 per acre, according to the reports. 206

# Plan underway to grow more than 52,000 acres of chickpea in Budalin Township this year

**Budalin October 31**

Local authorities earmarked cultivation of more than 52,000 acres of chickpea in Budalin Township of Sagaing Region during coming cold season this year, according to the township Agriculture Department.

For the 2025-2026 winter crop season, a total of 52,110 acres of chickpea are planned for cultivation in Budalin Township. The cultivation will take place from October to December this year, according to reports.

"This year, Budalin Township plans to cultivate over 52,000 acres of chickpea during the upcoming winter crop season. We will ensure that the full target acreage is achieved. Chickpea cultivation has been improving year by year. To enhance productivity and quality, we will cooperate with farmers to provide quality and pure seeds, necessary inputs, and post-harvest technologies," said U Phyo Wai, Head of the Budalin Township Department of Agriculture.

The chickpea varieties Yezin-8 and Yezin-11 are well-suited to the local climate and have high yield potential, are mainly chosen for cultivation. The cost of cultivating one acre of chickpea is around K300,000.

During this winter crop season, efforts are being made in cooperation with farmers to provide quality seeds, necessary inputs, and post-harvest techniques to improve both yield and quality of pulses. In addition, awareness campaigns are being conducted to encourage farmers to apply beneficial microorganisms such as Trichoderma during the pulse cultivation period.

Sagaing Region is the largest pulse-producing region in the country, cultivating the widest area of various pulse crops. Pulses are grown as major crops as well as in mixed and intercropping systems, making them an important source of income for farmers. 206

# More than 10,000 acres of cotton planted in Monywa Township this year

**Monywa October 31**

Monywa Township Agriculture Department said that local farmers have planted 16,270 acres of cotton as monsoon crops in Monywa Township of Sagaing Region this year.

During the 2025–2026 monsoon crop season, Monywa Township planned to cultivate 17,837 acres of cotton. Planting began in May this year, and as of now, 16,270 acres have already been cultivated, according to reports.

"This year, Monywa Township planned to grow over 17,000 acres of cotton during the monsoon crop season. So far, more than 16,000 acres have been planted, and efforts are underway to achieve the full targeted acreage. To help farmers easily grow quality and pure cotton varieties in time for the planting season, we have been providing them with quality cotton seeds," said U Soe Thet Aung, Head of the Monywa Township Agriculture Department.

This year, the Monywa Township Agriculture Department has been conducting training courses for cotton farmers to ensure they have access to quality and pure seed varieties, to prevent pest and disease infestations, and to promote correct cultivation methods for higher yields. Technical support is also being provided to meet the needs of local cotton growers.

It is reported that cotton cultivation costs around K350,000 per acre, with an average yield of about 1,000 viss per acre.

Since cotton can be intercropped with other crops such as onions (before harvest) and green gram (after harvest), farmers are able to generate additional income from diversified cropping.

Cotton is being successfully cultivated and produced in 19 townships across the Sagaing Region, including Sagaing, Monywa, Yinmabin, Shwebo, and Kanbalu districts. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Mawlaik Township plants more than 18,000 acres of rain-fed paddy this year

**Mawlaik October 31**

According to the district Agriculture Department, farmers from Mawlaik Township have planted 18,965 acres of rainfed paddy in Mawlaik Township of Sagaing Region this year.

During the 2025–2026 monsoon crop season, Mawlaik Township has planned to cultivate 19,500 acres of rainfed paddy. Cultivation began in June this year, and as of now, a total of 18,965 acres have already been planted, according to reports.

"This year, Mawlaik Township plans to grow over 19,000 acres of rainfed paddy during the monsoon crop season. So far, more than 18,000 acres have been cultivated, and efforts are ongoing to complete the remaining planned acreage. We are providing the necessary techniques and seed varieties to support the farmers. Field visits are also being conducted to ensure that farmers can plant the paddy in time," said Daw Kywe Kywe Hlaing, Head of the Mawlaik District Agriculture Department.

The relevant township agriculture department, in collaboration with local farmers, is working to ensure systematic cultivation of rainfed paddy without any difficulties during this monsoon season.

In Mawlaik Township, farmers growing rainfed paddy are being provided with agricultural techniques, awareness programmes on pest prevention, and guidance to prevent crop damage or loss. They are also being educated on post-harvest handling to ensure that the harvested paddy is stored properly under cover in a timely manner.

This year, the rainfed paddy fields in Mawlaik Township are reported to be thriving. To ensure high yields, the township agriculture department and staff are carrying out field activities to provide technical support on selecting quality and pure seed varieties, preventing pest infestations, weeding and thinning, removing mixed varieties, and applying fertilizers systematically.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## General Atomics ကုမ္ပဏီက Avenger ဒရုန်းများတွင် စွမ်းအင်မြင့်လေဆာလက်နက်စနစ်ကို တပ်ဆင်အသုံးပြု



အမေရိကန် General Atomics ကုမ္ပဏီသည် ၎င်း၏ဂျက်အင်ဂျင်သုံး MQ-20 Avenger ဒရုန်းအတွက် စွမ်းအင်မြင့် လေဆာလက်နက်စနစ်ကို ပြင်ဆင်အသုံးပြုထားပြီး မောင်းသူမဲ့တိုက်ခိုက်ရေးနှင့် ဝေဟင်ကာကွယ်ရေးမစ်ရှင်များတွင် ဒရုန်း၏ အနာဂတ်အခန်းကဏ္ဍကို ချဲ့ထွင်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း အောက်တိုဘာ ၂၅ ရက် Defence Blog သတင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

Avenger ဒရုန်းထိပ်ပိုင်းတွင်တပ်ဆင်ထားသည့် လျှပ်စစ်-အလင်းပြန်၊ အနီအောက်ရောင်ခြည် အာရုံခံကိရိယာများနှင့် လေဆာအကွာအဝေး တိုင်းတာရေးစနစ်များကို တပ်ဆင်ထားရှိသည်။ သို့သော် ၎င်းဒီဇိုင်းတွင်မူ အစိတ်အပိုင်းများကို တိုက်ခိုက်ရေး လေဆာလက်နက်အဖြစ် အသုံးပြုရန် ရည်ရွယ်ထားရှိသည်။

အဆိုပါ စနစ်သည် Avenger ဒရုန်းကို မြင်နိုင်သော ပစ်လွှတ်မှုအမှတ်အသား မပါဘဲ တိကျပြီး လျင်မြန်သောတိုက်ခိုက်မှုများကို လုပ်ဆောင်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

Avenger ဒရုန်းသည် တိုက်ခိုက်မှုနှင့် လေကြောင်းရန်ကာကွယ်ရေးလက်နက်စစ်ဆင်ရေးမစ်ရှင်များကို လျှို့ဝှက်စွာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်မှုသည် သာမန်လက်နက်ခဲယမ်းများ အသုံးပြုစရာမလိုဘဲ ရေဒါ သို့မဟုတ် အမြင်အာရုံဖြင့် ထောက်လှမ်းခြင်းမှ ၎င်း၏တည်နေရာကို မဖော်ထုတ်ဘဲ အသံတိတ် တိုက်ခိုက်မှုများကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း General Atomics ကုမ္ပဏီ တာဝန်ရှိသူများက မျှော်မှန်းထားရှိသည်။

စွမ်းအင်မြင့် လေဆာစနစ်များသည် ချက်ချင်းနီးပါး တိုက်ခိုက်နိုင်စွမ်းရှိသည့် အမြန်နှုန်း၊ တစ်ချက်ပစ်ခတ်လျှင် ကုန်ကျစရိတ်နည်းပါးခြင်းနှင့် ပျက်စီးဆုံးရှုံးမှုမရှိဘဲ ခြိမ်းခြောက်မှုများကို ဖျက်ဆီးနိုင်စွမ်းရှိခြင်းတို့ကြောင့် တန်ဖိုးကြီးမားသည်။ ၎င်းစနစ်များကို MQ-20 Avenger ကဲ့သို့ တာဝေးပျံသန်းနိုင်သော မောင်းသူမဲ့ ပလက်ဖောင်းနှင့် တွဲဖက်လိုက်ပါက ခရုဇ်ဒုံးကျည်များ၊ ဒရုန်းများ သို့မဟုတ် မောင်းသူပါလေယာဉ်များကိုပင် တန်ပြန်တိုက်ခိုက်ရန် အသုံးပြုနိုင်ကြောင်း သိရသည်။

Avenger ဒရုန်းသည် ဂျက်အင်ဂျင်သုံး မောင်းသူမဲ့တိုက်ခိုက်ရေး လေယာဉ်အမျိုးအစားဖြစ်ပြီး ကိုယ်ပျောက်ပုံစံနှင့် အတွင်းပိုင်း လက်နက်ခန်းပါဝင်ကာ ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် ကင်းထောက်ရေး၊ တိုက်ခိုက်ရေးနှင့် အနီးကပ်ပျံသန်းတိုက်ခိုက်ရေးမစ်ရှင်များ အပါအဝင် အခန်းကဏ္ဍအမျိုးမျိုးအတွက် စမ်းသပ်မှုများ ပြုလုပ်နေပြီဖြစ်သည်။ ၎င်းကို အမေရိကန်ရေတပ်၊ လေတပ်တို့နှင့်အတူ မောင်းသူမဲ့ တိုက်လေယာဉ်များနှင့် တွဲဖက်လုပ်ဆောင်နေသည့် မောင်းသူမဲ့စနစ်များကို အကဲဖြတ်ရန် စမ်းသပ်မှုများတွင် အသုံးပြုခဲ့ကြောင်း သိရသည်။

General Atomics ကုမ္ပဏီသည် Avenger ဒရုန်းကို ၎င်းတို့၏ အနာဂတ် မောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ်မျိုးဆက်ဖြစ်သော Gambit ၏ တစ်စိတ်တစ်ပိုင်းအဖြစ်လည်း အဆင့်မြှင့်တင်လျက်ရှိသည်။ ၎င်းဒရုန်းများသည် အမေရိကန်လေတပ်၏ လုပ်ငန်းလည်ပတ်မှု ပြောင်းလွယ်ပြင်လွယ်ရှိမှုကို အဆင့်မြှင့်တင်ပေးသည့်အနေဖြင့် တစ်စိတ်တစ်ပိုင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ဖြင့်ဖြစ်စေ၊ မောင်းသူပါသော လေယာဉ်များအတွက် အစောင့်အဖြစ်ဖြစ်စေ လုပ်ဆောင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**General Atomics integrates laser weapon into Avenger drone ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေး DefendAir တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်အတွက် ကမ္ဘာလုံးဆိုင်ရာ အဆင့်(၁)ကာကွယ်ရေးကုမ္ပဏီတစ်ခုထံမှ အမှာစာလက်ခံရရှိခဲ့



အစ္စရေး လေကြောင်းနှင့်အာကာသ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေး ကုမ္ပဏီ ParaZero ၏ DefendAir တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်အတွက် အမည်မဖော်လိုသော ကမ္ဘာလုံးဆိုင်ရာ အဆင့် (၁) ကာကွယ်ရေးကုမ္ပဏီ တစ်ခုထံမှ အမှာစာတစ်ရပ် လက်ခံရရှိခဲ့သော်လည်း ကုမ္ပဏီနာမည်ကို ဖော်ပြထားခြင်းမရှိကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါအမှာစာတွင် DefendAir စနစ်ပေးပို့ခြင်းအပြင် ကာကွယ်ရေးနှင့် လုံခြုံရေး ပတ်ဝန်းကျင်အခြေအနေများတွင် စနစ်ကို ထိရောက်စွာ အသုံးပြုနိုင်စေရန်အတွက် စနစ်အသုံးပြုမည့်သူများအတွက် ပေါင်းစပ်လေ့ကျင့်ရေးအစီအစဉ် တစ်ခုလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

DefendAir စနစ်သည် ထောက်လှမ်းခြင်းအပိုင်းတွင် ရေဒါနှင့်မူပိုင်ခွင့်ဖြင့် တီထွင်ထုတ်လုပ်ထားသော ပိုက်ကွန်ပစ်လောင်ချာကိုအသုံးပြု၍ ရန်သူဒရုန်းများကို ဘေးထွက်ဆိုးကျိုးအနည်းဆုံးဖြင့် တိုက်ခိုက်ဖျက်ဆီးပစ်နိုင်သည့် Soft-Kill (အပျော့နည်း)နှင့် Hard-Kill (အမာနည်း) နည်းလမ်းနှစ်မျိုးလုံး အသုံးပြုထားသည်။

ယခင်လက်တွေ့စမ်းသပ်မှုများတွင် ဤ DefendAir စနစ်သည် ကြားဖြတ်တိုက်ခိုက်မှုနှုန်း ၁၀၀ ရာခိုင်နှုန်းအောင်မြင်ခဲ့သည်ဟု ParaZero ကုမ္ပဏီက ထုတ်ပြန်ခဲ့ရာ ၎င်းသည် ယခုအခါ ပြိုင်ဆိုင်မှုပြင်းထန်လာနေသည့် တန်ပြန်မောင်းသူမဲ့လေယာဉ်တိုက်ဖျက်ရေးစနစ် (C-UAS)ဈေးကွက်တွင် ကုမ္ပဏီအပေါ် သုံးစွဲသူများ၏ ယုံကြည်ကိုးစားမှုကို ပိုမိုခိုင်မာလာစေသည်။

၂၀၂၅ ခုနှစ် ဩဂုတ်လတွင် ParaZero ကုမ္ပဏီသည် အဆင့်မြှင့်တင်ထားသော DefendAir တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်ကို စမ်းသပ်မှုပြုလုပ်ခဲ့ပြီး၊ ၎င်းစနစ်တွင် ကိုယ်ပိုင်လုပ်ဆောင်နိုင်သည့် optical detection စနစ်နှင့်ခြေရာခံနိုင်သောစွမ်းရည်များပါဝင်သည့် အထိုင်ချ တပ်ဆင်ထားသည့် ဆုံလည်လောင်ချာစနစ်ပါရှိသည်။

လက်ရှိတွင် မောင်းသူမဲ့လေယာဉ်စနစ်များကို ထောက်လှမ်းရေး၊ ပစ်မှတ်ရှာဖွေရေးနှင့်တိုက်ခိုက်ရေးတို့အတွက်ပိုမိုအသုံးပြုလာကြသည့်အတွက် ကာကွယ်ရေးဆိုင်ရာနှင့် ပြည်တွင်းလုံခြုံရေးဆိုင်ရာ ကဏ္ဍနှစ်ခုစလုံးမှ တန်ပြန်ဒရုန်းရန်ကာကွယ်ရေး ဖြေရှင်းခြင်းနည်းလမ်းများလိုအပ်ချက်သည် မြင့်တက်လာကြောင်း သိရသည်။

DefendAir စနစ်ကဲ့သို့သော တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များ (C-UAS) သည် ဒရုန်းများကို ဘေးကင်းလုံခြုံစွာ ထောက်လှမ်းရန်၊ ခြေရာခံရန်နှင့် အလုပ်မလုပ်နိုင်အောင် ဖျက်ဆီးပစ်ရန် ဒီဇိုင်းထုတ်ထားပြီး ဤစွမ်းဆောင်ရည်သည် စစ်မြေပြင်နှင့် အရပ်ဘက်နေရာ နှစ်ခုစလုံးတွင် မရှိမဖြစ်လိုအပ်သော စွမ်းရည်တစ်ခုဖြစ်လာခဲ့ကြောင်း သိရသည်။

ParaZero ကုမ္ပဏီသည် မကြာသေးမီက အာရှ၊ ဥရောပနှင့် အရှေ့အလယ်ပိုင်းရှိ ကာကွယ်ရေးမိတ်ဖက်နိုင်ငံများထံ တင်ပို့ရောင်းချမှုများအပါအဝင် နိုင်ငံတကာ ဝယ်ယူရေး သဘောတူစာချုပ်များ ဆက်တိုက်ချုပ်ဆိုခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ဩဂုတ်လတွင်လည်း ၎င်းတို့သည် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေသော ကာကွယ်ရေးအဖွဲ့အစည်းတစ်ခုထံ DefendAir တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များကို ပံ့ပိုးပေးခဲ့ကြောင်း လျှို့ဝှက်စွာ ထုတ်ပြန်ခဲ့သည်။

လက်ရှိကာကွယ်ရေးနှင့် ပြည်တွင်းလုံခြုံရေးကဏ္ဍများတွင် မောင်းသူမဲ့လေယာဉ်စနစ်များ၏ ခြိမ်းခြောက်မှု တိုးမြင့်လာခြင်းကြောင့် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များ၏ လိုအပ်ချက်သည် မရှိမဖြစ်အနေအထားသို့ ရောက်ရှိနေပြီဖြစ်ရာ အစ္စရေးကုမ္ပဏီ ParaZero မှ ၎င်း၏ DefendAir စနစ်အတွက် ကမ္ဘာ့အဆင့်မီ ကာကွယ်ရေးကုမ္ပဏီတစ်ခုထံမှ ကြီးမားသော မှာယူမှုရရှိခြင်းသည် ကမ္ဘာလုံးဆိုင်ရာ စစ်ရေးဦးစားပေးမှုများ ပြောင်းလဲလာပုံကို ထင်ဟပ်နေသည်။ DefendAir စနစ်သည် ဒရုန်းများကိုဘေးထွက်ဆိုးကျိုးအနည်းဆုံးဖြင့် ဖျက်ဆီးနိုင်သော မူပိုင်ခွင့်ရ ပိုက်ကွန်ပစ်စက် အပါအဝင် Soft-Kill-Hard-Kill ပေါင်းစပ်တန်ပြန်နည်းလမ်းကို အသုံးပြုခြင်းက စစ်မြေပြင်နှင့် မြို့ပြလုံခြုံရေး နှစ်ခုစလုံးအတွက် ၎င်း၏ လက်တွေ့ကျကျ အသုံးတည့်မှုကိုမြှင့်တင်ပေးကြောင်း သိရသည်။

**ParaZero Secures 'Substantial' Order for DefendAir Counter-Drone System ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် ဟင်းသီးဟင်းရွက် ဧက ၇၉၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ခရမ်း၊ မုန်လာထုပ်သီးနှံတွေဖြစ်ပါတယ်။စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် တောင်သူတွေကို နည်းပညာတွေပေးနေတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်၊စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန်၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပန်းတနော်မြို့နယ်တွင် ငရုတ်သီးခြောက်များအရောင်းအဝယ် ကောင်းမွန်နေ



**ပန်းတနော် အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ငရုတ်သီးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်မေက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ငရုတ်သီးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ငရုတ်သီးခြောက်များ ပေါ်နေချိန်ဖြစ်ပြီး ငရုတ်သီးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ငရုတ်သီးခြောက်တွေအရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိအရောင်းအဝယ်ဖြစ်နေတဲ့ ငရုတ်သီးခြောက်တွေက နွေကာလက ငရုတ်သီးခြောက်တွေဖြစ်ပါတယ်။ အခုလို ငရုတ်သီးခြောက်တွေ အရောင်းအဝယ် ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေ၊ လယ်ယာလုပ်သားတွေလဲ အဆင်ပြေလာတာတွေ့ရပါတယ်။ ငရုတ်သီးခြောက်တွေက ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်တွေ ကောင်းနေ တာပါ"ဟု ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်မေကပြောပြသည်။

ပန်းတနော်မြို့နယ်မှ တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ငရုတ်သီးခြောက်များသည် အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားရောဂါကင်းရှင်းကြောင်း၊ အဆိုပါ ဒေသထွက်ငရုတ်သီးများအရောင်း အဝယ် ကောင်းလာသည့်အတွက် ငရုတ်စိုက်တောင်သူများ၊လုပ်သားများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်မေက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# နောင်ချိုမြို့နယ် ပြေသာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နောင်ချို အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာစေရန် ရည်ရွယ်၍ နောင်ချိုမြို့နယ် ပြေသာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေနဝမကြိမ် ထုတ်ချေးခြင်းကို အောက်တိုဘာ ၃၀ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နောင်ချိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးဝင်းက စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၉၂ သိန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပြေသာကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊မွေးမြူရေး၊အရောင်းအဝယ်နှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၉၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**




# ကြာအင်းဆိပ်ကြီးမြို့နယ် ထီးဖိုးနိုင်း(မွန်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းစစ်ဆေး



**ကြာအင်းဆိပ်ကြီး အောက်တိုဘာ ၃၁**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြာအင်းဆိပ်ကြီးမြို့နယ် ထီးဖိုးနိုင်း(မွန်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းဝေဖြိုး၊ မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်တွေ့ဆုံ၍ ထီးဖိုးနိုင်း(မွန်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု စာရင်းဇယားပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်း ရှိမရှိ အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမင်းဝေဖြိုးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ထီးဖိုးနိုင်း(မွန်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုနဝမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၅ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၆ ဦးအတွက်ငွေကျပ် ၆၈ ဒသမ ၄ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားကြောင်း ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းဝေဖြိုးထံက သိရသည်။

**ကိုသက်**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးနှင့် ပန်းမန်၊ သောက်တော်ရေချမ်းများ ကပ်လှူပူဇော်စဉ်။



ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဓမ္မပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ကြီးထံ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီးတို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီးတို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီးတို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ရှေ့ဖုံးမှအဆက်

ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ပုဂ္ဂိုလ်များ၊ ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် ဇနီးများ၊ အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူ




မာရဝိဇယကျောင်းတော် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနေမိန္ဒထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မာရဝိဇယကျောင်း ဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးနှင့် ပန်းမန်၊ သောက်တော်ရေချမ်းများ ကပ်လှူပူဇော်သည်။

ယင်းနောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က မာရဝိဇယကျောင်းတော် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် ကထိန် အလှူခံကျောင်း မာရဝိဇယကျောင်းတော် ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနေမိန္ဒထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့်ဇနီးတို့က ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ်နှင့်ဇနီး၊ ကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်နှင့်ဇနီး၊ကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က ပါဠိတက္ကသိုလ် မင်္ဂလာ



ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နေ့ဆွမ်းဆက်ကပ်စဉ်။

ဇေယျုံပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာ တရားနာကြားသည်။


၎င်းနောက် မာရဝိဇယကျောင်းထိုင် ဆရာတော်ကြီးထံမှ ရေစက်သွန်းတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းခဲ့ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာသည့် ဧည့်ပရိသတ်များသည် ကထိန်ခံမာရဝိဇယကျောင်းတော်ကြီးသို့ လှူဒါန်းရန်ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့က ရတနာ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။

အခမ်းအနားအပြီးတွင် ပါဠိဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် မာရဝိဇယကျောင်းတော် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၁၂ ပင်၊ တန်ဖိုးငွေကျပ် ၂၅၁၆၇၆၀၀ နှင့် လှူဒါန်းငွေကျပ် ၂၈၃၃၃၄၀၀ ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၅၃၅၀၁၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကထိန်ခံ မာရဝိဇယကျောင်းတော်ကြီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုစဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၁**

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ နှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် အောက်တိုဘာ ၂၇ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နှင့် ခိုလမ်မြို့တို့ရှိ တပ်မတော်ဆေးရုံများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကား ပြောကြားစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

## မနက်ဖြန် မွန်းတည့်ချိန်ထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# အရေးပေါ်အခြေအနေ ဆက်လက်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အရေးပေါ်အခြေအနေဆက်လက်ကြေညာခြင်း**
**ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် ၃ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၅ ကို ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်၍ ယင်းအမိန့်တွင်ဖော်ပြပါရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်များကို အရေးပေါ်အခြေအနေကြေညာခဲ့ပါသည်။

၂။ ယင်းအမိန့်သည် ယနေ့မှစ၍ နောက်ထပ်ရက်ပေါင်း ၉၀ အထိ အတည်ဖြစ်သည်။

ပုံ
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

# စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**စစ်အုပ်ချုပ်ရေးအမိန့်ဆက်လက်ထုတ်ပြန်ခြင်း**
**ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် ၄/၂၀၂၅**
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်(၃/ ၂၀၂၅) ဖြင့် အရေးပေါ်အခြေအနေ ဆက်လက်တည်ရှိကြောင်း ကြေညာထားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ မြို့နယ်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်၍ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဆက်လက်အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်းပြုနိုင်သည်။

ပုံ
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

# စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၃/၂၀၂၅ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၃ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၁/၂၀၂၅ နှင့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၂/၂၀၂၅ တို့သည် ဆက်လက်အတည်ဖြစ်သည်။

ပုံ
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး(၄/၂၀၂၅) ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၃၁**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး(၄/၂၀၂၅)ကိုယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို မြို့နယ် ၁၀၂ မြို့နယ်ဖြင့် ဒီဇင်ဘာ ၂၈ ရက်တွင်လည်းကောင်း၊ အပိုင်း(၂)ကို မြို့နယ်ပေါင်း ၁၀၀ ဖြင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင်လည်းကောင်း အပိုင်းလိုက် ကျင်းပပေးမည်ဖြစ်ကြောင်းနှင့် လွှတ်တော်အသီးသီးအတွက် မဲဆန္ဒနယ်များအလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများမှ အမည်စာရင်းတင်သွင်းထားရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးခွင့်ကာလ ရက်ပေါင်း ၆၀ သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးသည့်ကာလအတွင်း လုံခြုံစွာလုပ်ကိုင်ဆောင်ရွက်နိုင်ရေး စီမံချက်နှင့်အညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီး၌ ပထမအကြိမ်မဲစာရင်းများကို ကြေညာထားရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ အများအပြားလာရောက်ကြည့်ရှု၍ မဲစာရင်းစစ်ဆေးခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်လည်လျှောက်ထားခြင်း စသည့် မဲစာရင်းမှန်ကန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲကာလတွင် မဲရုံလုံခြုံရေး၊ မဲပေးစက်များလုံခြုံရေး၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများလုံခြုံရေး၊ ဆန္ဒမဲပေးသူများလုံခြုံရေးများအတွက် လိုအပ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို စဉ်ဆက်မပြတ် ဆက်လက်စီမံဆောင်ရွက်ပေးသွားရန်လိုအပ်ကြောင်း၊ ဗဟိုကော်မတီအနေဖြင့် ရွေးကောက်ပွဲကျင်းပမည့် အပိုင်းလိုက် တစ်နိုင်ငံလုံးလွှမ်းခြုံသည့် လုံခြုံရေးစီမံချက်နှင့် ဆက်စပ်ဆောင်ရွက်ရမည့်သီးခြားစီမံချက် ရှစ်မျိုးတို့ကို ရေးဆွဲထားပြီးဖြစ်၍ လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် မဲစာရင်းဆိုင်ရာကိစ္စရပ်များကို စုံစမ်းမေးမြန်းနိုင်ရန် Call Center များ ဖွင့်လှစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့် ပူးပေါင်းကာ မဲဆန္ဒရှင်ပြည်သူများ၏ ဆက်သွယ်မေးမြန်းမှု ၇၃၂ ကြိမ် ဖြေရှင်းကူညီ ဆောင်ရွက်ပေးခဲ့ပြီး မဲစာရင်းပြည့်စုံမှန်ကန်စေရေးနှင့် မဲစာရင်းကျန်ရှိမှု မရှိစေရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း ၂၈၃၇၅ ကြိမ်၊ လှည့်လည်နှိုးဆော်ခြင်း ၄၅၂၄၈ ကြိမ်၊ OSS ဖြင့် ဆောင်ရွက်ပေးခြင်း ၂၈၂၅၉၂ ကြိမ်ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

ထို့ပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲစာရင်းတွင်ပါရှိပြီး သက်ဆိုင်ရာမြို့နယ်၏ပြင်ပတွင်ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၊ ယာယီနေရပ်စွန့်ခွာနေရသူများနှင့် ရဲစခန်းအချုပ်၊ အချုပ်ထောင်၊ အကျဉ်းထောင်များ၌ အကြောင်းအမျိုးမျိုးကြောင့် ပြစ်မှုရင်ဆိုင်ဖြေရှင်းနေရသည့် အချုပ်သားများကို ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ကြိုတင်ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲကာလတွင် လာရောက်လေ့လာကြမည့် ပြည်တွင်း၊ ပြည်ပ လေ့လာရေးအဖွဲ့များ၊ မီဒီယာများနှင့်ပတ်သက်၍လည်း လိုအပ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို သေချာစွာစီမံဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ကျူးလွန်သူများကို ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၉ ရက်ထိ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ "ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ"အရ အရေးယူဆောင်ရွက်မှု ၄၀ တွင် တရားခံအမျိုးသား ၈၃ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၈၈ ဦး ရှိခဲ့ပြီဖြစ်သကဲ့သို့ ဆက်လက်၍လည်း ရွေးကောက်ပွဲလုံခြုံရေးကို ထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ဝါဒဖြန့်မှုများ ကျူးလွန်နေသူများကို စုံစမ်းဖော်ထုတ်၍ ထိရောက်စွာအရေးယူသွားရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ကာလများအလိုက် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ လက်ရှိရရှိထားသော တိုးတက်မှုများကိုအခြေခံကာ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ရွေးကောက်ပွဲလုံခြုံရေးအတွက် မိမိနယ်မြေအခြေအနေနှင့် ကိုက်ညီသည့် လျာထားအစီအမံများ၊ လက်ရှိဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ဒုတိယဥက္ကဋ္ဌများက ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်က ဆွေးနွေးတင်ပြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့်(အငြိမ်းစား)၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရှိ ညီလာခံခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ နေပြည်တော်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက စစ်မှုထမ်းဟောင်းရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့်(အငြိမ်းစား)က အမှာစကား ပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် နယ်မြေတာဝန်ခံ ဗဟိုအမှုဆောင်အဖွဲ့ဝင်တစ်ဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)




**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့်(အငြိမ်းစား)က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။**

## အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာ

**ကြေညာချက်အမှတ် (၁/၂၀၂၅)**

**၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်**

၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသောဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

၂။ အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် တစ်တင်း ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ၁၁၅၀၀၀၀ ကျပ် သတ်မှတ်လိုက်သည်။

၃။ ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအပေါ်တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်သည်။ ယခုသတ်မှတ်သော အခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၅ ခုနှစ် မိုးစပါးနှင့် ၂၀၂၆ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

၄။ အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ်ရုံးချုပ် ဖုန်း ၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆)သို့ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်**
**အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့**

# တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၃၁

**တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးစိုင်းငွေအောင်က ၎င်းတို့၏မူဝါဒ သဘောထားလုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာလ ၃၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဦးစိုင်းငွေအောင် (ဥက္ကဋ္ဌ၊ တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ)**

မောဝ်ဆွန်းခါ၊ ကွန်းမိန်း၊ ကွန်းမန် တောင်းလုံး တောင်းလမ်း အွန်နီး ကျင်းဝှမ်းခွန်ယောင် မောင်ဆွန်းခါဆီး ကောခါ ယွမ်းဆုခါအော။

မင်္ဂလာပါ ။ ပြည်သူပြည်သားများအားလုံး နေကောင်းကျန်းမာပြီး စီးပွားရေးတိုးတက်ပါစေကြောင်း ကျွန်တော် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးစိုင်းငွေအောင်ဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျာ**

ကျွန်တော်တို့ပါတီအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားလူမျိုးများအကြား ဖိနှိပ်ချုပ်ချယ်မှုကင်းရှင်းပြီး တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားတို့ လွှမ်းခြုံလျက် အချင်းချင်းချစ်ကြည်ရင်းနှီးစွာဖြင့် လူမျိုးအသီးသီး၏ဘာသာအယူဝါဒ ဓလေ့ထုံးတမ်းယဉ်ကျေးမှုတို့ကို အပြန်အလှန်လေးစားတန်ဖိုးထားကြမှသာလျှင် စည်းလုံးညီညွတ်၍ အခွန့်ရှည်တည်တံ့ခိုင်မြဲသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ထောင်နိုင်မည်ဟု အလေးအနက်ယုံကြည်ချက်ထားရှိသည်နှင့်အညီ ပါတီစတင်တည်ထောင်သည်မှ ယနေ့အချိန်ထိ ယုံကြည်ချက်ကို ခိုင်ခိုင်မာမာ စွဲစွဲမြဲမြဲဆုပ်ကိုင်ထားပြီး လုပ်ကိုင်ဆောင်ရွက်နေပါတယ်။

မျိုးဆက်သစ်လူငယ်လူရွယ်များကို အသိပညာရှင် အတတ်ပညာရှင်များဖြစ်လာကြစေရန်နှင့် နိုင်ငံတည်ဆောက်ရေးတွင် စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်လာနိုင်ရေးတို့ကိုလည်း အလေးထားပြီး ဆောင်ရွက်ပေးနေပါတယ်။ ပုခက်လွှဲသောလက်သည် ကမ္ဘာကြီးကို လွှမ်းမိုးနိုင်ရမည်ဟူသောဆောင်ပုဒ်အတိုင်း အမျိုးသမီးများ မြန်မာ့နိုင်ငံရေးတွင် ပိုမိုပါဝင်လာနိုင်ရေးအတွက်လည်း လုပ်ငန်းစဉ်တစ်ရပ်ချမှတ်ပြီးဆောင်ရွက်နေပါတယ်။

ယခုကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ကျွန်တော်တို့ပါတီအနေနှင့် ရှေ့လုပ်ငန်းစဉ်(၄)ရပ်ချမှတ်ထားပြီး ပြည်သူလူထုကောင်းကျိုးကိုရှေးရှုကာ အားသွန်ခွန်စိုက်ကြိုးစားဆောင်ရွက်သွားမယ်လို့ လေးနက်တည်ကြည်စွာဖြင့် ပြည်သူလူထုကြီးအား ပြောကြားလိုပါတယ်။

**လုပ်ငန်းစဉ်(၁) ငြိမ်းချမ်းရေး**

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျာ**

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ငြိမ်းချမ်းရေးသည် မဖြစ်မနေလိုအပ်ပါတယ်။ ငြိမ်းချမ်းရေးရရှိဖို့ဆိုရင် အမုန်းတရားတွေကိုဖယ်ရှား၊ အတိတ်က ဖြစ်ပျက်ခဲ့သည်များကိုသင်ခန်းစာယူ အနာဂတ်မြန်မာနိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရန်ရည်သန်ပြီး ပစ္စုပ္ပန်ကာလတွင် နိုင်ငံချစ်စိတ်အပြည့်ဖြင့် သဘောထားကြီးစွာ ညှိနှိုင်းဆွေးနွေးကြမယ်ဆိုရင် ငြိမ်းချမ်းရေးကို ကေန်မုချရရမည်ဟု ကျွန်တော်တို့ပါတီအနေနဲ့ ယုံကြည်ထားပါတယ်။

ပင်လုံစာချုပ်နဲ့အတူဖြစ်ပေါ်လာတဲ့ တိုင်းရင်းသားပြဿနာ၊ လွတ်လပ်ရေးနှင့်အတူပေါ်ပေါက်လာသော လက်နက်ကိုင်ပဋိပက္ခကြောင့် အမုန်းတရားတွေနဲ့ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သတ်ဖြတ်လာခဲ့ကြတာနှစ်ပေါင်း (၇၀)ကျော်ခဲ့ပါပြီ။ ပြည်သူတွေရဲ့အသက်၊ အိုးအိမ်၊ စည်းစိမ်တွေလည်း ပျက်စီးခဲ့ရတာများလှပါပြီ။

စစ်တိုက်ဖို့အတွက် လက်နက်ခဲယမ်းတွေဝယ်နိုင်ဖို့ ငွေရလွယ်တဲ့ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချခြင်းတွေလုပ်၊ မြေပေါ်မြေအောက် သယံဇာတတွေကိုလည်း မှောင်ခိုဈေးနဲ့ရောင်း၊ အဲဒီလိုနဲ့ ကျွန်တော်တို့ ချစ်မြတ်နိုးခဲ့ရတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံကြီးဟာ နိုင်ငံတကာမှာ ဂုဏ်တင့်ရမယ့်အစား ဂုဏ်ငယ်ခဲ့ရပါပြီ။ မည်သည့်အဖွဲ့ကနိုင်သည်ဖြစ်စေ ဒုက္ခရောက်ကြရသူတွေက ပြည်သူတွေပါ။ ပြည်သူတွေလည်း ဒုက္ခရောက်လှပါပြီ။ နိုင်ငံတော်နဲ့ ပြည်သူတွေကို အမှန်တကယ် ချစ်မြတ်နိုးတယ်ဆိုရင်ဖြင့် တိုက်ပွဲတွေရပ်ပြီး စားပွဲဝိုင်းပေါ်မှာစကားပြောကြပါစို့လို့ နိုင်ငံတော်ကိုလက်နက်ကိုင်တိုက်ခိုက်နေကြသော အဖွဲ့အစည်းများအားလုံးကို မေတ္တာရပ်ခံပါတယ်။

ကျွန်တော်တို့တစ်တွေဟာ ဒီနိုင်ငံမှာမွေးဖွားခဲ့ကြတဲ့ ညီအစ်ကိုတွေဖြစ်ကြပါတယ်။ ကျွန်တော်တို့ရဲ့ မိဘပြည်သူတွေဟာ ငြိမ်းချမ်းခြင်း၊ လွတ်လပ်ခြင်းကို အထူးလိုလားတောင့်တနေကြပါပြီ။ တိုက်ပွဲအတွက် ကုန်ကျမည့်စရိတ်များကို နိုင်ငံတော်အတွက် လိုအပ်သည့်နေရာများမှာ သုံးစွဲပြီး မိဘပြည်သူများကို ကျေးဇူးဆပ်ကြရအောင်။ ပြည်သူ့ဆန္ဒနှင့်အညီ ကျွန်တော်တို့ သွေးချင်းညီအစ်ကိုတွေ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုနိုင်ငံတော်ကြီးကို စုပေါင်းညီညာစွာ တည်ဆောက်ကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကမ္ဘာ့နိုင်ငံများကိုလေ့လာကြည့်ရာတွင်လည်း စစ်မက်ဖြစ်ပွားသော နိုင်ငံများသည် အသက်၊ အိုးအိမ်များ သေကျေပျက်စီးကြရပြီး ဖွံ့ဖြိုးမှုနောက်ကျနေသည်ကိုတွေ့ရှိရပါတယ်။ စစ်ပွဲဖြစ်ပွား၍ နိုင်ငံဖွံ့ဖြိုးတိုးတက်သွားသည်ကို မတွေ့ရှိရပါ။ သာဓကအနေနဲ့ ယခင်က ပြည်တွင်းစစ်ကြီးဖြစ်ခဲ့ကြတဲ့ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့ဟာ ယခုအခါတွင် ငြိမ်းချမ်းရေးရရှိပြီးနောက် ပြည်သူများကောင်းမွန်စွာနေထိုင်လုပ်ကိုင်နိုင်ကြပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့သည်လည်း နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ အကျိုးကိုရှေးရှုပြီး နိုင်ငံရေးပြဿနာကို လက်နက်နဲ့ဖြေရှင်းခြင်းထက် စားပွဲဝိုင်းပေါ်မှာ တွေ့ဆုံဆွေးနွေးအဖြေရှာရင်း ငြိမ်းချမ်းရေးကြီးရရှိသည်အထိ ဆောင်ရွက်သွားကြပါစို့လို့ ထပ်လောင်းတိုက်တွန်းပြောကြားလိုက်ပါတယ်။

**လုပ်ငန်းစဉ်(၂) ရှမ်းနီလူမျိုးအမည်မှန်ရရှိရေး**

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျာ**

ရှမ်းနီတိုင်းရင်းသားများသည် လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ ကျော်ကတည်းက ပြည်ထောင်စုမြန်မာနိုင်ငံနယ်နိမိတ်အတွင်း၌ မြို့ပြပြည်ရွာများတည်ထောင်ပြီး နေထိုင်လာခဲ့ကြသည်ကို သမိုင်းမှတ်တမ်းများအရ သိရှိရပါတယ်။ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ဖြစ်တည်လာသည့်သမိုင်းကြောင်း တူညီကြပါလျက် လူမျိုးအမည်ကို အမျိုးမျိုးခေါ်တွင်ခဲ့ကြသဖြင့် တိမ်ကောပပျောက်လုနီးပါးဖြစ်နေပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင်လည်း ရှမ်းနီ၊ ရှမ်းဗမာ၊ ရှမ်းကလေး၊ မြေလတ်ရှမ်းဟူ၍လည်းကောင်း၊ ရှမ်းဘာသာဖြင့် ဒေသအလိုက် တိုင်းနိုင်း၊ တိုင်းဒိုင်း၊ တိုင်းလျန်၊ တိုင်းလိုင်ဟုခေါ်ဆိုကြပြီး မြန်မာဘာသာပြန်ဆိုသော် ရှမ်းနီဟုအဓိပ္ပာယ်ရပါတယ်။ ထို့ပြင်ချင်းတွင်းမြစ်နှင့် ဥရုမြစ်ဘေးဝဲယာနေထိုင်သူများကို အနောက်မြစ်ရှမ်း၊ မီးရထားသံလမ်းဘေးဝဲယာနေထိုင်သူများကို သံလမ်းရိုးရှမ်း၊ ဧရာဝတီမြစ်ဘေးဝဲယာနေထိုင်သူများကို အရှေ့မြစ်ရှမ်းဟုလည်း ခေါ်ဆိုကြပါသေးတယ်။




လူမျိုးတစ်မျိုး၏အမည်ကို အမျိုးမျိုးခေါ်ဆိုခဲ့သည့်အတွက် စာရင်းပြုစုရန်အခက်အခဲများဖြစ်ရပါတယ်။ သို့အတွက်ကြောင့် ရှမ်းနီအမျိုးသားရေး လှုပ်ရှားသူများ၊ ရဟန်းသံဃာများစုပေါင်း၍ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၉၊ ၂၀ ရက်နေ့တွင် ဟုမ္မလင်းမြို့၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၇၊ ၂၈ ရက်နေ့တွင် မိုးညှင်းမြို့တို့၌ အစည်းအဝေးပြုလုပ်ခဲ့ကြ၍ ၂၀၁၆ ခုနှစ် မတ်လ ၂၆၊ ၂၇ ရက်နေ့တွင် မန္တလေးမြို့၌ ရှမ်းနီအမျိုးသားညီလာခံကြီးကို ကျင်းပခဲ့ကြပြီး အမည်အမျိုးမျိုးဖြင့်ခေါ်ဆိုနေကြတဲ့ မိမိတို့လူမျိုးအမည်ကို ရှမ်းနီဟုခေါ်ဆိုကြရန် ညီလာခံတက်ရောက်လာကြသူအားလုံးက သဘောတူဆုံးဖြတ်ခဲ့ကြပါတယ်။

ရှမ်းနီအမျိုးသားညီလာခံကြီးရဲ့ ဆုံးဖြတ်ချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ( ၂၁ )ရာစု ပင်လုံသို့ ၂ - ၉ - ၂၀၁၆ ရက်နေ့တွင် ကျွန်တော်တို့ပါတီအနေနဲ့ တင်သွင်းခဲ့ပါတယ်။ မြန်မာနိုင်ငံ၏အရေးအရာကိစ္စများကို ပြည်ထောင်စုလွှတ်တော်ကြီးကသာ ဆုံးဖြတ်အတည်ပြုနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းနီလူမျိုးအမည်မှန်ရရှိရေးအတွက် ကျွန်တော်တို့ပါတီမှ ကိုယ်စားလှယ်လောင်းများ လွှတ်တော်အသီးသီးသို့ရောက်ရှိနိုင်ရေး ရှမ်းနီလူမျိုးများအားလုံး အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံတင်ပြအပ်ပါတယ်။

**လုပ်ငန်းစဉ်(၃)တောင်သူလယ်သမားဘဝမြှင့်တင်ရေး**

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျာ**

၂၀၁၄ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၆၇ ရာခိုင်နှုန်းကျော်သည် တောင်သူလယ်သမားများဖြစ်ကြတယ်လို့ သိရှိရပါတယ်။ ယင်းကိန်းဂဏန်းအရဆိုလျှင် တောင်သူလယ်သမားများချမ်းသာလာလျှင် နိုင်ငံတော်သည်လည်း တိုးတက်မြင့်မားလာနိုင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း တောင်သူလယ်သမားတစ်ဦးဖြစ်သည့်အတွက် ကိုယ်တိုင်ခံစားရပြီး ဘဝတူလယ်သမားများအကျိုးကို အစွမ်းကုန်ဆောင်ရွက်သွားမယ်လို့ ပြောကြားလိုပါတယ်။

ကုန်ဈေးနှုန်းကြီးမြင့်လာခြင်း၊ လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းများဈေးနှုန်းမြင့်တက်လာခြင်း၊ အလုပ်သမားခနှုန်းထားများ မြင့်တက်လာခြင်း၊ ထွက်ရှိလာသည့် ဆန်စပါးနှင့် ဝင်ငွေ၊ ထွက်ငွေမညီမျှမှုကြောင့် လယ်လုပ်ရင်း အရှုံးပေါ်လာနေကြသည်ကို တွေ့ရှိရပါတယ်။ တချို့တောင်သူများမှာ လယ်ယာလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်နိုင်တော့ဘဲ အခြားရရာအလုပ်များကို လုပ်ကိုင်နေကြရပါတယ်။

တိုက်ပွဲတွေကြောင့် စစ်ဘေးရှောင်ရ၍လည်းကောင်း၊ ကုန်ဈေးနှုန်းမညီမျှမှုများကြောင့်လည်းကောင်း လယ်ယာလုပ်ငန်းကို မလုပ်ကိုင်နိုင်ခြင်း၊ စပါးစိုက်ပျိုးနိုင်သော လယ်ယာမြေများတွင်လည်း မြေဩဇာအလုံအလောက် မသုံးစွဲနိုင်ခြင်းတို့ကြောင့် အရည်အသွေးပြည့်မီသော ဆန်စပါးထွက်ရှိမှုနည်းလာခြင်းများသည် နိုင်ငံတော်အတွက် များစွာနစ်နာသည်ဟု ခံယူမိပါတယ်။

ကျွန်တော်တို့ တောင်သူလယ်သမားများ၏ဘဝကို ပြန်လည်မြှင့်တင်နိုင်ရေးအတွက် နည်းပညာပံ့ပိုးနိုင်ရေး၊ ဈေးကွက်ကောင်းများရရှိရေး၊ လုံလောက်သော နှစ်တိုနှစ်ရှည်ချေးငွေထုတ်ချေးပေးနိုင်ရေး စသည်ဖြင့် တောင်သူလယ်သမားတို့၏လိုအပ်ချက်များကိုပံ့ပိုးရန် နိုင်ငံတော်က စီမံဆောင်ရွက်ပြီး တောင်သူလယ်သမားများကလည်း အရည်အသွေးပြည့်မီသော ဆန်စပါးနှင့်သီးနှံများကို စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်နိုင်ပါတယ်။ သို့အတွက်ကြောင့် တောင်သူလယ်သမားများ၏ဘဝမြှင့်တင်ရေးကို ကျွန်တော်တို့ပါတီအနေနဲ့ အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမယ်လို့ ထပ်လောင်းပြောကြားလိုက်ပါတယ်။

**စာမျက်နှာ ၂၁ သို့**

စာမျက်နှာ ၂၀ မှအဆက်

**လုပ်ငန်းစဉ်(၄) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရေး**

မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျာ

နိုင်ငံတစ်ခု၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံရဲ့အသက်လို့တောင် ပြောလို့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ အားနည်းချက်ကြောင့် လက်နက်ကိုင်ပဋိပက္ခတွေ စတင်ဖြစ်ခဲ့ရတယ်လို့ သုံးသပ်တင်ပြချင်ပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကလည်း တစ်ပါတီစနစ်ကိုအခြေခံထားတဲ့အတွက် ကျွန်တော်တို့နိုင်ငံနဲ့ အံဝင်ခွင်ကျမဖြစ်ခဲ့ပါဘူး။ ယခုကျွန်တော်တို့ ကျင့်သုံးနေကြတဲ့ (၂၀၀၈ ခုနှစ်)ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာနိုင်ငံနဲ့ ကိုက်ညီမယ့် ဒီမိုကရေစီစနစ်ကိုအခြေခံပြီး ရေးဆွဲထားတယ်လို့ ကျွန်တော့်အမြင်ကို တင်ပြပါရစေ။

၁၈။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖြတ်သန်းနေရတဲ့ခေတ်ကာလနှင့် အညီ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်နိုင်ရေးတို့ကို ဆောင်ရွက်နိုင်မှသာ ခေတ်မီအားကောင်းခိုင်မာသည့် ဖွဲ့စည်းပုံဖြစ်မယ်လို့ ယုံကြည်ပါတယ်။

ပြီးခဲ့သော လွှတ်တော်သက်တမ်းနှစ်ဆက်မှာ ဖွဲ့စည်းပုံပြင်ဆင်နိုင်ခဲ့တာနည်းခဲ့ပေမယ့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC)နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးကြရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အား ပြင်ဆင်/ဖြည့်စွက်ရန်အချက် (၄၃)ချက်ကို သဘောတူညီထားသည့် မူကြမ်းအဖြစ် ရရှိထားပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံကို ပြင်ဆင်/ဖြည့်စွက်ရင်း မလိုအပ်တော့သည့် ပုဒ်မများကို ပယ်ဖျက်ရန်လည်း လိုအပ်ပါတယ်။ ဒီသဘောတူညီချက်ကို ကြည့်ခြင်းအားဖြင့် တပ်မတော်ကဖွဲ့စည်းပုံပြင်ဆင်ရေးမှာလည်း ကြိုးစားဆောင်ရွက်နေတယ်ဆိုတဲ့အကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောကြားလိုတာကတော့ တိုက်ပွဲတွေကြားမှာ ဒုက္ခရောက်ကြရသူတွေကတော့ ပြည်သူတွေပါ။ ပြည်သူ့ဒုက္ခဟာလည်း ကျွန်တော်တို့ရဲ့ဒုက္ခပါပဲ။ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကိုတည်ဆောက်ကြဖို့ဆိုရင် ရွေးကောက်ပွဲတွေမှာ ပြည်သူတွေဆန္ဒမဲပေးကြရပါမယ်။ ရွေးကောက်ပွဲတွေကနေ နိုင်ငံရေးအပြောင်းအလဲကို ဆောင်ရွက်သွားမယ်ဆိုရင် ပျက်စီးဆုံးရှုံးမှုမရှိဘဲ ပြည်သူတွေရဲ့ဘဝ အေးချမ်းစွာနေထိုင်နိုင်မှာဖြစ်ပါတယ်။ ယခုကျင်းပမယ့် ရွေးကောက်ပွဲကြီးမှာ ပြည်သူများအနေနှင့် ကိုယ်ယုံကြည်အားကိုးရာပါတီတွေကို မဲထည့်ပေးကြပါလို့ ပြောကြားလိုပါတယ်။ ယခုရွေးကောက်ပွဲဟာ စနစ်တစ်ခုကိုအကောင်းဆုံးကူးပြောင်းနိုင်မယ့် ရွေးကောက်ပွဲကြီးဖြစ်ပါတယ်။ ရှမ်းနီလူမျိုးများအနေနဲ့လည်း ကိုယ့်လူမျိုးပါတီကို မဲထည့်ပေးကြဖို့ပြောကြားလိုပါတယ်။ ကိုယ့်လူမျိုးပါတီအနိုင်ရပြီး လွှတ်တော်ထဲရောက်မှသာ အခြားတိုင်းရင်းသားများနည်းတူ အခွင့်အလမ်းများကို လွှတ်တော်ကနေတင်ပြနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ကတော့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ အကျိုးကိုကြည့်ပြီး အထက်မှာတင်ပြခဲ့တဲ့ အချက်(၄)ချက်အပြင် နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း ထပ်လောင်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

ကျေးဇူးတင်ပါတယ် ခင်ဗျာ။

မဲဆန္ဒရှင်မိဘပြည်သူများဘေးဘယာဝေးကွာကြပါစေ။

**ရှမ်းနီ(ကျားနီ)ပါတီမဲထည့်မည်**

ကျားနီပါတီနိုင်ရမည်

ဟေ့..................ဟေ့...ရှမ်းနီမြေမှာ ကျားနီနိုင်ရမည်

ဟေ့........ဟေ့........ကျားနီပါတီ လွှတ်တော်အောင်ရမည်

ဒို့အမျိုး ရှမ်းနီ ဂုဏ်မငယ်ဖို့အတွက် ရှေ့ဆုံးက ရပ်တည်။ အနှိမ်မခံရဖို့ ဝိုင်းဝန်းကြ ဒို့ရှမ်းနီ ဟေ့.....................ဟေ့...ရှမ်းနီမြေမှာ ကျားနီနိုင်ရမည်

ဟေ့..................ဟေ့...ကျားနီပါတီ လွှတ်တော်အောင်ရမည်

ဒို့အမျိုး ရှမ်းနီ ဂုဏ်မငယ်ဖို့အတွက် ရှေ့ဆုံးကရပ်တည်။ အနှိမ်မခံရဖို့ ဝိုင်းဝန်းကြ ဒို့ရှမ်းနီ ဟေ... ရွေးကောက်ပွဲကြီး ရောက်ရှိလာပြီလေ... ရှမ်းနီလူမျိုးသွေးစည်းကြ. ကျားနီနိုင်မှအခွင့်အရေးလှ ... ကျားနီကိုမဲထည့်မည်..ဟေ့..........

ပြည်ထောင်စုသားတိုင်းရင်းသားတွေ.. တန်းတူအခွင့်အရေး ရရှိစေဖို့ရည် ရှမ်းနီလူမျိုးသွေးစည်းကြ..ကျားနီနိုင်မှ အခွင့်အရေးလှ .....

ကျားနီကိုမဲထည့်မည်...

ကျားနီပါတီ....နိုင်ရမည်

ကျားနီပါတီ....နိုင်ရမည်

ကျားနီပါတီ...နိုင်ရမည်

---


❑ မိုးထစ်ချုန်းရွာနိုင်မှအဆက်

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။


မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။(မိုး/ဇလ)

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၃၁-၁၀-၂၀၂၅ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၃-၁၁-၂၀၂၅ ရက်မှ ၄-၁၁-၂၀၂၅ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၃၁-၁၀-၂၀၂၅ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၅-၁၁-၂၀၂၅ ရက်မှ ၆-၁၁-၂၀၂၅ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




---

☆ ကျောဖုံးမှအဆက်

ညီလာခံအစည်းအဝေးနှင့် Engineering Conference ၌ ပေးအပ်သည့် ၂၀၂၅ ခုနှစ် အာဆီယံအကောင်းဆုံး အင်ဂျင်နီယာဆု (ASEAN Outstanding Engineering Achievement Award – Individual Category)ကို မြန်မာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးပြည့်ဖြိုးမောင်က ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ညီလာခံသို့ အာဆီယံနိုင်ငံ ၁၀ နိုင်ငံမှ အင်ဂျင်နီယာကောင်စီနှင့် အင်ဂျင်နီယာအသင်းချုပ်မှ တာဝန်ရှိသူများ၊ World Engineering Organization နှင့် ASIA PACIFIC Region Engineering Organization တို့မှ တာဝန်ရှိသူများ၊ အာရှနှင့် အာဆီယံနိုင်ငံအသီးသီးမှ အင်ဂျင်နီယာများတက်ရောက်ကြပြီး အင်ဂျင်နီယာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ညီလာခံများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ သုတေသနစာတမ်း ဖတ်ကြားခြင်းများကို ဆောင်ရွက်ကြသည်။

အောက်တိုဘာ ၃၀ ရက်တွင် ညီလာခံ၏ ညစာစားပွဲအခမ်းအနားကျင်းပခဲ့ပြီး အဆိုပါအခမ်းအနား၌ ASEAN Federation of Engineering Organizations (AFEO) ဥက္ကဋ္ဌက အာဆီယံအကောင်းဆုံးအင်ဂျင်နီယာစီမံချက်ဆုနှင့် အာဆီယံအကောင်းဆုံး အင်ဂျင်နီယာဆုရရှိခဲ့သူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

အာဆီယံအကောင်းဆုံးအင်ဂျင်နီယာဆုရရှိသူ ဗိုလ်မှူးပြည့်ဖြိုးမောင်အနေဖြင့် နိုင်ငံတကာသုတေသနစာတမ်းဖတ်ပွဲများတွင် ဆုများရရှိခဲ့မှု၊ ကမ္ဘာ့အဆင့် နည်းပညာဆိုင်ရာ ပြိုင်ပွဲများဖြစ်သည့် Composite World Cup ပြိုင်ပွဲကြီးများတွင် ဆုများဆွတ်ခူးနိုင်ခဲ့မှု၊ ကမ္ဘာ့အကြီးဆုံး ထိုင်တော်မူ ကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီးဖြစ်သည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးအတွက် ခေတ်မီနည်းပညာနှင့်သမားရိုးကျနည်းပညာတို့ပေါင်းစပ်ဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ရှေးဟောင်းဘုရားများ၊ စေတီတော်ကြီးများနှင့် အဆောက်အအုံများကို Composite နည်းပညာဖြင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှုတို့အတွက် ASEAN Federation of Engineering Organization (AFEO) က ASEAN Outstanding Engineering Achievement Award (Individual Category) ကို ချီးမြှင့်ပေးရန် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်က အဆိုပြုလွှာတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဗီယက်နမ်နိုင်ငံ Da Nang မြို့၌ ကျင်းပသည့် AFEO Mid-term အစည်းအဝေးတွင် စိစစ်သုံးသပ်၍ Governing Board Meeting သို့ဆက်လက်အတည်ပြုချက်တောင်းခံပြီး အဆိုပါဆုကို ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၃၁ ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာပြုလုပ်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၃၁ ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာပြုလုပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၃၁**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေး တပ်နယ်မိသားစုများ၏ ၃၁ ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ပြုလုပ်ရာ မန္တလေး တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ မဟာဓမ္မိကာရာမ ရွှေကျင် တိုက်မကြီး ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တထုတိဝရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက မဟာဓမ္မိကာရာမ ရွှေကျင် တိုက်မကြီးဦးစီးပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာသူများက သံဃာတော်များအား ကထိန်လျာ မြတ်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး မန္တလေးမြို့ မဟာသုန္ဒရာရာမကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဝုဓထံမှ ကထိန်အနုမောဒနာတရား နာကြားကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာသူများက သံဃာတော်များကို နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ကြွရောက်လာသောဧည့်ပရိသတ်များကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြသည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေး တပ်နယ်မိသားစုများ၏ ၃၁ ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန် အလှူတော် မင်္ဂလာအဖြစ် လှူဒါန်းထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေစုစုပေါင်း ငွေကျပ်သိန်း ၁၂၀၀ ကျော် တန်ဖိုးရှိသော ပဒေသာပင် ၅၅ ခုကို အောက်တိုဘာ ၃၀ ရက်တွင် မန္တလေးနန်းမြို့ ကျုံးပတ်လည်သို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြပြီး ယနေ့တွင် သက်ဆိုင်ရာဘုန်းတော်ကြီး ကျောင်းအသီးသီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ ဘဝနတ်ထံ ပျံလွန်တော်မူ



**နေပြည်တော် အောက်တိုဘာ ၃၁**

အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံမြို့ ကုသိနာရုံ မြန်မာကျောင်းတိုက် ဦးစီးပဓာနနာယက အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ (အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) သက်တော် ၈၉ နှစ် သိက္ခာတော် ၆၉ ဝါရှိမဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၁ ရက်(သောကြာနေ့) အိန္ဒိယဒေသစံတော်ချိန် နံနက် ၄ နာရီ မိနစ် ၅၀ တွင် ယူပီပြည်နယ်မြို့တော် Lucknow ရှိ Medanta ဆေးရုံကြီးတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် – အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး – ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

## ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ဆန်စပါး သိုလှောင်ရုံ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာ

၁။ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန်အလို့ငှာ ဆန်တန်ချိန် ၂၅ တန်နှင့်အထက် (သို့မဟုတ်) စပါးတင်း ၂၅၀၀ နှင့်အထက် သိုလှောင်ထားရှိသော ဆန်စပါးသိုလှောင်ရုံပိုင်ရှင်များသည် မြန်မာဆန်စပါးအွန်လိုင်း (MyRO) www.myro.com.mm တွင် ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်လက်မှတ် လျှောက်ထားရယူရန်လိုအပ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၄-၁၀-၂၀၂၄ ရက်တွင် အမိန့်အမှတ် (၈၂/ ၂၀၂၄) ကို ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ဆန်စပါးသိုလှောင်ရုံပိုင်ရှင်များအနေဖြင့် မပျက်မကွက်လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၂။ မြန်မာဆန်စပါးအွန်လိုင်း (MyRO) စနစ်တွင် မှတ်ပုံတင်ထားပြီးဖြစ်သော သိုလှောင်ရုံများအနေဖြင့်လည်း လစဉ်လဆန်း ၁ ရက်မှ ၇ ရက်အတွင်း ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန်စာရင်းများကို MyRO Website ရှိ မိမိ၏ Account တွင် မပျက်မကွက် စာရင်းထည့်သွင်းပေးရန်၊ ပြည့်စုံမှန်ကန်သော အချက်အလက်များကို တာဝန်ယူ၊ တာဝန်ခံ၍ ထည့်သွင်းပေးရန်နှင့် အခါအား လျော်စွာလာရောက်စစ်ဆေးရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

၃။ အထက်အပိုဒ် (၁) ပါအတိုင်း သိုလှောင်ရုံမှတ်ပုံတင်လက်မှတ်လျှောက်ထားရန် ပျက်ကွက်လျှင်ဖြစ်စေ၊ အပိုဒ် (၂) ပါ လစဉ် ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန် စာရင်းကို ပြည့်စုံမှန်ကန်စွာသတ်မှတ်ချိန်အတွင်း ဆောင်ရွက်ခြင်းမရှိလျှင်ဖြစ်စေ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်အမှတ် (၈၂/ ၂၀၂၄) ပါ သတ်မှတ်ချက်များနှင့်အညီ အရေးယူခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ပယ်ဖျက်ခြင်း သို့မဟုတ် နည်းလမ်းနှစ်ရပ်လုံးဖြင့် အရေးယူခြင်းကို ဆောင်ရွက်နိုင်ပါသဖြင့် သိရှိလိုက်နာဆောင်ရွက်ရန်နှင့် သိရှိလိုသည်များရှိပါက www.myro.com.mm တွင် လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများတွင်လည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ရုံးတွင်လည်းကောင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဆောင်တိုင်ကာလတွင် မြောက်အိုး၊ မီးရှူးနှင့်မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊မြို့နယ်များ၌ တန်ဆောင်တိုင်ပွဲတော်ကာလတွင် မြောက်အိုး၊ မီးရှူးနှင့်မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် မြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃၁**


နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

၁။ မြန်မာ့ပင်လယ်ပြင်အတွင်း ရေတပ်ဆိုင်ရာ ပင်လယ်ပြင်လေ့ကျင့်ခန်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ ၈ ရက်ထိ ရေပြင်၊ ဝေဟင် လက်နက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၈ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၈ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ်စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့် ဧရိယာအားသတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့ကို ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ငါးမိုင်ပတ်လည်အား သင်္ဘောကြီး၊ သင်္ဘောငယ်များ၊ ကုန်တင်၊ စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀(တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

ရေကြောင်းသတိပေးချက်ထုတ်ပြန်မည့်ဧရိယာ




# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၅၃ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး နိုင်ငံ ရှစ်နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၄၈ ဦးကို ထပ်မံစစ်ဆေးနိုင်ခဲ့



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများကို လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၃၁**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မယ်ထော်သလေး (KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၅၃ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး နိုင်ငံ ရှစ်နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၄၈ ဦးကို ထပ်မံစစ်ဆေးနိုင်ခဲ့ကာ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၃၁ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၇၄၄ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၉၃၆၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၇၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)


# ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းသစ်ကို ခဲဖြင့်ပေါက်သူ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၁**

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ခေတ်မီလေအေးပေးစက်ပါ DEMUတွဲဆိုင်းသစ်ဖြင့် အမှတ်(၇)အဆန်၊ အမှတ်(၈)အစုန် အမြန်ရထားနှင့် အမှတ်(၃၁)အဆန်၊ အမှတ် (၃၂)အစုန် အမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီ ၅၉ မိနစ်တွင် အမှတ်(၇)အဆန်ရထားကို ဖြူးနှင့်ဇေယျဝတီဘူတာအကြား ကားလမ်းကူးနေရာအရောက် ရထားသံလမ်းအနောက်ဘက်မှ ခဲဖြင့်ပစ်ပေါက်ခဲ့သဖြင့် ပထမတန်းတွဲအမှတ်(၂) DEMU F-1010 တွဲ၏ ခုံအမှတ် ၃၊ ၄၊ ၅၊ ၆ နေရာရှိ ပြတင်းပေါက်မှန် နှစ်လက်မခွဲခန့် ပေါက်သွားပြီး ခရီးသည်များ ထိခိုက်မှုမရှိကြောင်း သိရသည်။



အမှတ်(၇)အဆန် ရန်ကုန်-နေပြည်တော် DEMU ရထားကို ခဲဖြင့် ပစ်ပေါက်ခံရသဖြင့် ပြတင်းပေါက်မှန် နှစ်လက်မခွဲခန့် ထိခိုက်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။



ပစ်ပေါက်သည့် ခဲကို ရထားပေါ်တွင် တွေ့ရစဉ်။

အဆိုပါဖြစ်ပွားရာနေရာသို့ ဖြူးမြို့နယ်ရထားရဲတပ်ဖွဲ့၊ ဖြူးမြို့နယ်ရဲစခန်းနှင့် ဖြူးမြို့မ အရှေ့ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ သွားရောက်စစ်ဆေးရာ ရထားလမ်း၏ အနောက်ဘက် ချုံပုတ်အနီးတွင် ပြစ်မှုကျူးလွန်သူဖြစ်သူ ထက်ဦးလွင် (ခ) ငထော်နီ (ဘ)ဦးသိန်းနိုင် အသက် ၁၈ နှစ် သဉ်ချိုင်းကုန်းကွက်သစ် ဗထူး(၆)လမ်း အုတ်ဖြတ်ရပ်ကွက် ဖြူးမြို့နယ်နေသူကို ဖမ်းဆီးရမိသဖြင့် ဖြူးမြို့နယ်ရဲစခန်းတွင် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှုမရှိဘဲ ပုံမှန်အတိုင်းပြေးဆွဲခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ) အရ ရထားကိုတစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း သို့မဟုတ် တစ်စုံတစ်ရာပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ(၈၄)အရ ထိုသူကို အနည်းဆုံး ငါးနှစ်မှ နှစ် ၂၀ အထိ မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်းချမှတ်နိုင်ကြောင်းသိရှိရပြီး ဥပဒေနှင့်အညီ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာရေးနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းသွားရန် လိုအပ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။ **(သတင်းစဉ်)**



DEMU ရထားကို ခဲဖြင့် ပစ်ပေါက်ခဲ့သည့် ပြစ်မှုကျူးလွန်သူ ထက်ဦးလွင် (ဘ)ဦးသိန်းနိုင်၏ မှတ်တမ်းဓာတ်ပုံ။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားဖျက်ဆီးလိုသည့် အနုပညာရှင် နှစ်ဦးကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်




သက်လွင်(ခ)ဇမ္ဗူထွန်းသက်လွင်၊ ၆၂ နှစ်



အောင်ချမ်းလု(ခ)အေးချမ်းအောင်၊ ၄၀ နှစ်










အောင်ချမ်းလု(ခ)အေးချမ်းအောင်၏ Facebook Account ၌ Post တင်ခဲ့မှု မှတ်တမ်း




သက်လွင်(ခ)ဇမ္ဗူထွန်းသက်လွင် မှ Khit Thit Media Page ၌ Post တင်ထားမှုများအား Love React ပေးခဲ့မှု မှတ်တမ်း




နေပြည်တော် အောက်တိုဘာ ၃၁

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရွေးကောက်ပွဲအပေါ်နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တားနိုင်မည့် အခြေအနေမှ ကာကွယ်တားဆီးနိုင်ရန် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပြဋ္ဌာန်းခဲ့ပြီး ဥပဒေလိုက်နာမှုမရှိသူများကို ထိထိရောက်ရောက်အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၉ ရက်တွင် "ခေတ်သမိုင်းကို ဒုန်းစိုင်းမည့်သူများ"ရွေးကောက်ပွဲအသိပညာပေးဇာတ်လမ်းနှင့်ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သော အနုပညာရှင်များကို ပြည်ပရောက် အကြမ်းဖက်အဖွဲ့အစည်း အားပေးထောက်ခံသူများနှင့် တရားခံပြေးများမှ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် မဟုတ်မမှန်ဝေဖန်ရေးသားသည့်အပေါ် ထောက်ခံခဲ့ကြသည့် ဒါရိုက်တာ သက်လွင်(ခ)ဇမ္ဗူထွန်းသက်လွင်နှင့် ဒါရိုက်တာအောင်ချမ်းလု (ခ) အေးချမ်းအောင်တို့ကို ၎င်းတို့၏နေအိမ်အသီးသီးမှ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများကို စိစစ်ဖော်ထုတ်ချက်အရ ၎င်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ တပ်မတော်က နိုင်ငံတော်တာဝန်ထမ်းဆောင်နေသည့်အပေါ် ထောက်ခံမှုမရှိခဲ့သည့်အပြင် မကြာမီကျင်းပရန်ရှိသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စေရေးအတွက်လည်း ၎င်းတို့ တတ်ကျွမ်းသည့် အနုပညာကဏ္ဍမှ ပူးပေါင်းပါဝင်ခြင်းမရှိခဲ့ကြောင်း၊ ၎င်းပြင် ရွေးကောက်ပွဲ အောင်မြင်စေရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေသည့် အနုပညာရှင်များကို ပြည်ပရောက် အကြမ်းဖက်အဖွဲ့အစည်း ထောက်ခံသူများနှင့် တရားခံပြေးများက လူမှုကွန်ရက် စာမျက်နှာမှတစ်ဆင့် ဝေဖန်ရေးသားသည့်အပေါ် ထောက်ခံအားပေးခဲ့ကြကြောင်း စိစစ်တွေ့ရှိရသည်။

ထို့ပြင် ၎င်းတို့အနေဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် ခေတ်သစ်မီဒီယာအပါအဝင် မီဒီယာအမည်ခံ အကြမ်းဖက်အားပေး ပြည်ပသြဇာခံအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၏ လူမှုကွန်ရက်စာမျက်နှာများ၌ မဟုတ်မမှန် လုပ်ကြံရေးသားဖော်ပြချက်များကိုလည်း အစဉ်တစိုက်ထောက်ခံအားပေးလျက်ရှိသည်ကို စိစစ်တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ မီဒီယာအမည်ခံ အကြမ်းဖက်အားပေး ပြည်ပသြဇာခံအဖွဲ့အစည်းများနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန်အတွက် လှုံ့ဆော်ရေးသားသူများကို ထောက်ခံအားပေးခဲ့ကြသည့် သက်လွင်(ခ)ဇမ္ဗူထွန်းသက်လွင်နှင့် အောင်ချမ်းလု (ခ) အေးချမ်းအောင်တို့ နှစ်ဦးကို ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေအပါအဝင် ပြစ်မှုဆိုင်ရာဥပဒေများဖြင့် ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို နှောင့်ယှက်ဟန့်တားလိုသူများအား မိဘပြည်သူများ၏ပူးပေါင်းပါဝင်မှုဖြင့် ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (မဝ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ယူဂန်ဒါနိုင်ငံ အရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုကြောင့် လူနေအိမ်များပျက်စီးကာ လူကိုးဦး သေဆုံးခဲ့



**ကမ်ပါလာ အောက်တိုဘာ ၃၁**

ယူဂန်ဒါနိုင်ငံ အရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုကြောင့် လူနေအိမ်များပျက်စီးကာ လူကိုးဦး သေဆုံးခဲ့ကြောင်း ယူဂန်ဒါ ကြက်ခြေနီအသင်း (URCS)က ယနေ့တွင် ပြောကြားခဲ့သည်။

ယူဂန်ဒါကြက်ခြေနီအသင်း (URCS)၏အဆိုအရ အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက ဘူခိုခရိုင်တွင် မြေပြိုမှုဖြစ်ပွားခဲ့ပြီး အိမ်တစ်လုံး မြေမြုပ်ခဲ့ကာ မိသားစုတစ်စုမှ ကလေးသုံးဦး သေဆုံးခဲ့ကြောင်း၊ အိမ်နီးချင်း ကွမ်ခရိုင်တွင်လည်း မြေပြိုမှုကြောင့် လူခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

"လက်ရှိမှာ အပျက်အစီးစာရင်းကို စစ်တမ်းတွေ ကောက်ယူနေပါတယ်"ဟု ယူဂန်ဒါကြက်ခြေနီအသင်း (URCS) ပြောရေးဆိုခွင့်ရှိသူ Irene Nakasiita က ပြောကြားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် လမ်းအခြေအနေဆိုးရွားမှုကြောင့် ဘူခိုခရိုင်ကို ဝင်ရောက်ရန် ခက်ခဲနေသော်လည်း ကယ်ဆယ်ရေးအဖွဲ့များက အတတ်နိုင်ဆုံး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရပ်ရွာလူထုများနှင့်အတူ ပူးပေါင်းဆောင်ရွက်နေကြောင်း Nakasiita က ပြောကြားခဲ့သည်။

ယူဂန်ဒါနိုင်ငံ အရှေ့ပိုင်းရှိ တောင်တန်းဒေသဖြစ်သည့် အယ်လ်ဂွန်ဒေသတွင် မိုးရွာသွန်းမှုကြောင့် မြေပြိုမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည့်အပြင် အဆိုပါဒေသတွင် သစ်တောပြုန်းတီးမှုကလည်း မြေပြိုမှုကို မကြာခဏဖြစ်ပေါ်နေစေကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ဗီယက်နမ်အလယ်ပိုင်းတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံကာ လူကိုးဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးနေ

**ဟန္နိုင်း အောက်တိုဘာ ၃၁**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံကာ အနည်းဆုံး လူကိုးဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးနေကြောင်း ဒေသခံ အာဏာပိုင်များက အောက်တိုဘာ ၃၀ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

သေဆုံးသူများမှာ ဒါနန်မြို့တွင် ခြောက်ဦး၊ ဟွေးမြို့တွင် တစ်ဦးနှင့် ကွမ်ငိုင်းပြည်နယ်တွင် နှစ်ဦးဖြစ်ကြောင်း အရပ်ဘက်ကာကွယ်ရေး ဦးဆောင်ကော်မတီ၏ သတင်းအရသိရသည်။

အောက်တိုဘာ ၂၉ ရက်က စ၍ရွာသွန်းခဲ့သည့်မိုးကြောင့် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုသည် လက်ရှိအချိန်တွင် ပြင်းထန်လာပြီး ဒါနန်မြို့ရှိ မြို့နယ်နှင့်ရပ်ကွက်စုစုပေါင်း ၄၀ အနက် ၃၂ ခုပျက်စီးခဲ့ကာ အိမ်ထောင်စု ၁၁၀၀၀၀ ကျော် ထိခိုက်နစ်နာဆုံးရှုံးမှုများ ရှိခဲ့ကြောင်း သိရသည်။

အာဏာပိုင်များက မြေပြိုမှုအန္တရာယ်ရှိသည့် ဒေသများမှ ပြည်သူများကို လုံခြုံသည့်နေရာများသို့ ပြောင်းရွှေ့ပေးနေကြပြီး ထိခိုက်ဒဏ်ရာ ရသူများနှင့် ရေဘေးဒဏ် ခံရသူများအတွက် အစားအစာ၊ သန့်ရှင်းသောရေနှင့် ဆေးဝါးများပံ့ပိုးပေးရန် ဒေသန္တရ အာဏာပိုင်များကို အစိုးရက ညွှန်ကြားထားကြောင်း သိရသည်။



အောက်တိုဘာ ၃၀ ရက်က မိုးအဆက်မပြတ် ရွာသွန်းနေခြင်းကြောင့် နေရပ်ပြောင်းရွှေ့သူအရေအတွက် ပိုမိုတိုးလာပြီး အနီးအနားဒေသများတွင် ရေကြီးမှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ခြေရှိသဖြင့် အာဏာပိုင်များက သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ နိုင်ငံ၏ အလယ်ပိုင်းမြို့များဖြစ်သည့် ဟွေးမြို့အနှံ့အပြားနှင့် ဒါနန်မြို့အနီးဒေသများသို့ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းများကို တိုးချဲ့တပ်ဖြန့်ချထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသတွင် ၂၀၂၅ ခုနှစ် ကုလသမဂ္ဂတရုတ်လူငယ်ပတ်ဝန်းကျင်ဖိုရမ် ကျင်းပခဲ့

**ပေကျင်း အောက်တိုဘာ ၃၁**

တရုတ်နိုင်ငံ ဟောင်ကောင် အထူးအုပ်ချုပ်ရေး ဒေသတွင် ၂၀၂၅ခုနှစ် ကုလသမဂ္ဂ တရုတ်လူငယ်ပတ်ဝန်းကျင် ဖိုရမ်ကို အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့ကြောင်း အောက်တိုဘာ ၃၀ ရက် သတင်းများအရ သိရသည်။

အဆိုပါဖိုရမ်ကို ၂၀၂၅ ခုနှစ် United Nations Environment Programme (UNEP) နှင့် တရုတ်လူငယ် ဖက်ဒရေးရှင်း၊ ဟောင်ကောင် အထူးအုပ်ချုပ်ရေး ဒေသ (HKSAR) အစိုးရ၏ ပတ်ဝန်းကျင်နှင့်ဂေဟဗေဒဗျူရိုနှင့် ရှန်ကျန်းမြို့ရှိ ပြည်ပချစ်ကြည်ရေး အသင်းတို့က ပူးပေါင်းစီစဉ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းဖိုရမ်အတွင်း ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးရေးနှင့် ဒေသပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဖိုရမ်၏ခေါင်းစဉ်ကို လူငယ်များနှင့် အနာဂတ်အစိမ်းရောင် ကမ္ဘာဟု သတ်မှတ်ထားပြီး ပေကျင်း၊ ဟောင်ကောင်၊ မကာအိုတို့မှ လူငယ်ကိုယ်စားလှယ်များ၊ ပတ်ဝန်းကျင် သုတေသနအဖွဲ့များနှင့် သဘာဝပတ်ဝန်းကျင် ကျွမ်းကျင်ပညာရှင်ဦးရေ ၁၅၀ ကျော် တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြကြောင်း၊ ဖိုရမ်တွင်လူငယ်များမှ မိမိတို့လက်တွေ့ဆောင်ရွက်နေသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာများအတွက် ကြိုးပမ်းမှုများဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ သစ်ပင်စိုက်ခြင်း၊ စွန့်ပစ်ပစ္စည်းနည်းပြောင်းလဲခြင်း စသည်တို့ကို ဝေမျှခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# တရုတ်နိုင်ငံ ရှီကျန်းပြည်နယ်တွင် ငလျင်လှုပ်ခတ်ပြီးနောက် ပျက်စီးခဲ့သော အိမ်ခြေ ၃၂၅၀၀ ပြန်လည်ပြုပြင်တည်ဆောက်နေ

**ပေကျင်း အောက်တိုဘာ ၃၁**

တရုတ်နိုင်ငံ ရှီကျန်းပြည်နယ်တွင် ငလျင်လှုပ်ခတ်ပြီးနောက် ပျက်စီးခဲ့သော အိမ်ခြေ ၃၂၅၀၀ ပြန်လည်ပြုပြင် တည်ဆောက်နေပြီဖြစ်ကြောင်း ရှီကျန်းပြည်နယ် အာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့သည်။

ရှီကျန်းပြည်နယ်တွင် ယခုနှစ်မတ်လက လှုပ်ခတ်ခဲ့သည့် ပြင်းအား ၆ ဒသမ ၈ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်အပြီး ပျက်စီးသွားခဲ့သော အိမ်ခြေ ၃၂၅၀၀ ကျော်ကိုပြန်လည်ပြုပြင်ပြီး ငလျင်ဒဏ်ခံခဲ့ရသူများကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ရှီကျန်းပြည်နယ်တွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပြည်နယ်အတွင်းရှိ ခရိုင်ခုနစ်ခရိုင်မှ ရွာပေါင်း ၄၈၆ ရွာတွင် အိမ်ခြေ ၃၂၅၀၀ ကျော် ဆောက်လုပ်ပေးခဲ့ကြောင်း၊ အဆိုပါပြည်နယ်တွင် ငလျင်လှုပ်ခတ်ခဲ့ပြီး သုံးရက်အတွင်းကတည်းက ငလျင်ဘေးအန္တရာယ် ပြန်လည်တည်ဆောက်ရေးအစီအစဉ်ကိုစတင်ခဲ့ပြီး လူနေအိမ်များ၏ အပျက်အစီးစစ်တမ်းကောက်ယူခြင်းအပါအဝင် ကနဦးလုပ်ငန်းများကို စတင်ခဲ့ရာ ယခုလအတွင်းတည်ဆောက်ပြီး နေအိမ်များတွင် နေထိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ဟေတီနိုင်ငံသို့ မလီဆာဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် အနည်းဆုံး လူဦးရေ ၂၀ သေဆုံးကာ လူနေအိမ်များပျက်စီးခဲ့

**ပို့အော်ပရင့်စ် အောက်တိုဘာ ၃၁**

ဟေတီနိုင်ငံသို့ မလီဆာဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် အနည်းဆုံး လူဦးရေ၂၀ သေဆုံးကာ လူနေအိမ်များပျက်စီးခဲ့ကြောင်း အောက်တိုဘာ ၃၀ ရက် သတင်းများအရ သိရသည်။

ဟေတီနိုင်ငံ Radio Television Caraibes သတင်းဌာန၏ သတင်းအရ ဟေတီနိုင်ငံအနောက်တောင်ဘက် ကမ်းရိုးတန်းမြို့ Petit-Goave တွင် လူနေအိမ် အနည်းဆုံးတစ်ရာကျော် ပြိုကျပျက်စီးပြီး ဒေသခံတချို့သည် အပျက်အစီးအောက်တွင် ပိတ်မိနေကြောင်း သိရသည်။

"လက်ရှိ မြို့တွင်းမှာ မလီဆာ ဟာရီကိန်း မုန်တိုင်းကြောင့် သစ်ပင်တွေပြိုလဲနေပြီး လမ်းတွေ ပိတ်ဆို့နေပါတယ်။ လူနေအိမ် အတော်များများလဲ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ဒါ့ပြင် သစ်ပင်ပိမှု၊ ရေနစ်မှုတို့ကြောင့် သေဆုံးခဲ့ရသူတွေရဲ့ ရုပ်အလောင်းတွေကို ဒေသခံ မီးသတ်သမားတွေနဲ့ ကယ်ဆယ်ရေးအဖွဲ့တွေက ရှာဖွေနေကြပါတယ်။ ပြိုလဲနေတဲ့ သစ်ပင်တွေ၊ ပျက်စီးခဲ့တဲ့လူနေအိမ်တွေနဲ့လဲကျခဲ့တဲ့ ဓာတ်တိုင်တွေကို ရှင်းလင်းမှုတွေ ဆောင်ရွက်ပေးနေပါတယ်။ လက်ရှိမှာ လျှပ်စစ်မီး ပြန်လည်ရရှိရေး ဆောင်ရွက်ပေးနေပါတယ်" ဟု မြို့တော်ဝန် Jean Bertrand Subreme က ပြောကြားခဲ့သည်။

ပြည်နယ်အာဏာပိုင်များက မလီဆာဟာရီကိန်း မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများကို စစ်တမ်းများ ကောက်ယူနေပြီး သက်ဆိုင်ရာကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများကို ဘေးကင်းသည့်နေရာများသို့ ရွှေ့ပြောင်း ပေးနေကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ



# တနင်္ဂနွေနေ့ည ဥရောပအမှတ်ပေးပြိုင်ပွဲတွေမှာ မန်စီးတီးအသင်း၊ တိုရီနိုအသင်း၊ ဟော်ဖန်ဟိမ်းအသင်းတို့ နိုင်ပွဲရသွားပါလိမ့်မယ်

M L




ဒီတစ်ပတ်တနင်္ဂနွေနေ့ညမှာ ဥရောပအမှတ်ပေးပြိုင်ပွဲက ဘောလုံးပွဲစဉ်တွေအားလုံး ပုံမှန်အတိုင်း ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး စီးရီးအေ၊ စပိန်လာလီဂါ၊ ပြင်သစ်လီဂူးအမှတ်ပေးပြိုင်ပွဲတွေကလဲ ဆက်တိုက်ဆိုသလို ယှဉ်ပြိုင်ကစားလာကြတာကို တွေ့ရပါတယ်။ သူတို့အသင်းအနေနဲ့ ကြားရက်ပြိုင်ပွဲတွေမှာလဲ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး အဲဒီထဲကမှ နည်းပြအပြောင်းအလဲပြုလုပ်ထားတဲ့ ဂျူဗင်တပ်အသင်းနိုင်ပွဲပြန်လည်ရရှိခဲ့သလို ကိုမို၊ ရိုးမား၊ အင်တာတို့ နိုင်ပွဲဆက်နေဆဲဖြစ်ပါတယ်။ စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှာဆိုရင်လဲ လာလီဂါအဆင့်မြင့်အသင်းတွေဖြစ်တဲ့ ဆီဗီလာ၊ ဗီလာရီးရဲလ်၊ အိုဆာဆူနာ၊ အယ်ချီ၊ ဆယ်တာဗီဂို၊ လီဗန်တေးအသင်းတို့ဟာ အောက်တန်းကလပ်အသင်းတွေကို အနိုင်ရယူပြီးနောက်တစ်ဆင့်တက်ရောက်သွားနိုင်ခဲ့ပါတယ်။ ဒ့ါပြင် ဆက်လက်ယှဉ်ပြိုင်ကစားလာမဲ့ ပရီးမီးယားလိဂ်အမှတ်ပေးပြိုင်ပွဲမှာဆိုလဲ အာဆင်နယ်အသင်းက အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားနိုင်ပြီး ဘုန်းမောက်အသင်းကတော့ အံ့သြဖွယ်ရာ ခြေစွမ်းပိုင်းနဲ့အတူ အဆင့်(၂)၊ စပါးအသင်းက အဆင့်(၃)၊ ဆန်းဒါးလန်းအသင်းက အဆင့်(၄)နေရာအသီးသီးရပ်တည်နိုင်ခဲ့တာကြောင့် ထိပ်သီးအသင်းတွေဖြစ်တဲ့ မန်စီးတီး၊ လီဗာပူး၊ ချဲလ်ဆီးအသင်းတို့အနေနဲ့ အခုတစ်ပတ်ပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရရှိလာပြီး အမှတ်ပေးဇယားထိပ်ဆုံးနေရာကို တက်လှမ်းလာနိုင်မလားဆိုတာ စိတ်ဝင်စားစရာကောင်းလာပါတယ်။ ဒါကြောင့် ဒီတစ်ပတ်တနင်္ဂနွေနေ့ညမှာ အဆင့်(၂)နေရာက ဘုန်းမောက်အသင်းနဲ့ အဆင့်(၅)နေရာက မန်စီးတီးအသင်းတို့တွေ့ဆုံနေမှုအပါအဝင် အကောင်းဆုံးဖြစ်လာမဲ့အသင်းတွေကိုလဲ ထပ်မံရွေးချယ်သုံးသပ်ပေးလိုက်ရပါတယ်။

### မန်စီးတီးအသင်း နိုင်ပွဲပြန်လည်ရယူလာမှာပါ

မန်စီးတီးအသင်းအနေနဲ့ ပြီးခဲ့တဲ့အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉) အဝေးကွင်းပွဲစဉ်မှာ အေဗီလာအသင်းကို မထင်မှတ်ဘဲ တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ရပါတယ်။ သူတို့အသင်းအနေနဲ့ အဲဒီပွဲစဉ်မှာ ဘောလုံးပိုင်ဆိုင်မှုနဲ့ ဂိုးပေါက်ခြိမ်းခြောက်မှု အသာစီးရယူကစားနိုင်ခဲ့ပေမဲ့ ပွဲကစားချိန် ၁၉ မိနစ်မှာပေးလိုက်ရတဲ့ အေဗီလာအသင်းရဲ့ဦးဆောင်ဂိုးကို ပြန်လည်ချေဖျက်နိုင်ခြင်းမရှိဘဲ အဲဒီသွင်းဂိုးတစ်ဂိုးနဲ့သာ ရှုံးနိမ့်ခဲ့ရတာပါ။ သူတို့အသင်းဟာ ဒီရာသီမှာ သုံးပွဲမြောက်ရှုံးပွဲအနေနဲ့ ကြုံတွေ့လိုက်ရပေမဲ့ ပြီးခဲ့တဲ့ကြားရက်မှာတော့ ချန်ပီယံရှစ်ကလပ် ဆွမ်ဆီးအသင်းနဲ့ ခါရာဘောင်းဖလား စတုတ္ထအဆင့်ပွဲစဉ်မှာ သုံးဂိုး တစ်ဂိုးနဲ့ ပြန်လည်အနိုင်ရယူနိုင်ခဲ့ပြီး စွမ်းဆောင်မှုအကောင်းဆုံးဆိုတာကို ပြန်လည်ပြသသွားနိုင်ခဲ့ပါတယ်။ ဒ့ါပြင် လက်ရှိဘောလုံးရာသီမှာ သူတို့အသင်းအနေနဲ့ ခြေစွမ်းပိုင်းဆိုးရွားနေတဲ့ထိပ်သီးအသင်းတွေထဲမှာ မပါဝင်ဘဲ ရှုံးနိမ့်နေတဲ့ပွဲစဉ်တိုင်းမှာလဲ ပြိုင်ဘက်အသင်းရဲ့ခံစစ်ပိုင်းဦးစားပေးကစားနေမှုနဲ့ တိုက်စစ်မှူးဟာလန်း ဂိုးပေါက်ပျောက်ဆုံးနေလို့သာ ရလဒ်မကောင်းခဲ့တာပဲဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ နည်းပြဂွါဒီယိုလာအနေနဲ့ ဒုတိယမြောက်ရှုံးပွဲဆက်လက်မကြုံရလေအောင် အိမ်ကွင်းမှာ အကောင်းဆုံးပြင်ဆင်စုဖွဲ့လာပါလိမ့်မယ်။

ဘုန်းမောက်အသင်းကတော့လက်ရှိဘောလုံးရာသီမှာ အကောင်းဆုံးစွမ်းဆောင်ထားနိုင်ပြီး အမှတ်ပေးဇယားအဆင့်(၂)နေရာမှာ တက်လှမ်းလာနိုင်ခဲ့တာကိုတော့ ချီးကျူးရမှာပါ။ သူတို့အသင်းအနေနဲ့ ပရီးမီးယားလိဂ်ပွဲစဉ် ကိုးပွဲကစားအပြီးမှာ ငါးပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ရရှိထားပြီး ရာသီအစအကောင်းဆုံးရလဒ်ကို ပိုင်ဆိုင်ထားတာပဲဖြစ်ပါတယ်။ ဘုန်းမောက်အသင်းဟာ ဒီရာသီမှာ နောက်ဆုံးရှစ်ပွဲဆက် ရှုံးနိမ့်မှုမရှိအောင်စွမ်းဆောင်ထားနိုင်ပါတယ်။ သူတို့အသင်းအနေနဲ့ ခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုသာလွန်တဲ့ လက်ရှိချန်ပီယံလီဗာပူးအသင်းနဲ့ တွေ့ဆုံမှုမှာတော့ လေးဂိုးနှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာကိုကြည့်ရင် အသင်းကြီးနဲ့တွေ့ဆုံရမဲ့ပွဲစဉ်တွေမှာ ပြီးခဲ့တဲ့ဘောလုံးရာသီကလိုပဲ ခြေစွမ်းပိုင်းရုန်းကန်လာရတာကို တွေ့ရပါတယ်။ ဒါကြောင့် ဘုန်းမောက်အသင်းအနေနဲ့ အခုလိုမန်စီးတီးအသင်းနဲ့တွေ့ဆုံမှုမှာ ရလဒ်ကောင်းနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရအုံးမှာပါ။

သူတို့နှစ်သင်း၂၀၁၅ ခုနှစ်နောက်ပိုင်းတွေ့ဆုံမှု ၁၈ ကြိမ်မှာ ဘုန်းမောက်အသင်းဟာ တစ်ကြိမ်သာအနိုင်ရထားတာကိုကြည့်ရင် မန်စီးတီးအသင်းအနေနဲ့ ပွဲစဉ်တိုင်း အသာစီးရယူကစားထားနိုင်တယ်လို့ ဆိုရမှာပါ။ ဒ့ါပြင် လက်ရှိမှာလဲ မန်စီးတီးအသင်းရဲ့ အိမ်ကွင်းတိုက်စစ်ပိုင်း အကောင်းဆုံးဖြစ်နေတာကြောင့် မန်စီးတီးအသင်းပဲ နိုင်ပွဲပြန်လည်ရယူလာမှာပါ။

**မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၀ | - | ၁ | မန်စီးတီး |
| မန်စီးတီး | ၂ | - | ၀ | အဲဗာတန် |
| ဗီလာရီးရဲလ် | ၀ | - | ၂ | မန်စီးတီး |
| အေဗီလာ | ၁ | - | ၀ | မန်စီးတီး |
| ဆွမ်ဆီး | ၁ | - | ၃ | မန်စီးတီး |

**ဘုန်းမောက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၀ | - | ၀ | နယူးကာဆယ် |
| လိဒ်စ် | ၂ | - | ၂ | ဘုန်းမောက် |
| ဘုန်းမောက် | ၃ | - | ၁ | ဖူလ်ဟမ် |
| ပဲလေ့စ် | ၃ | - | ၃ | ဘုန်းမောက် |
| ဘုန်းမောက် | ၂ | - | ၀ | နော်တင်ဟမ် |

### တိုရီနိုအသင်း ရလဒ်ကောင်းသွားမှာပါ

လက်ရှိစီးရီးအေပြိုင်ပွဲမှာ တိုရီနိုအသင်းအနေနဲ့ ပွဲစဉ်ကိုးပွဲယှဉ်ပြိုင်ကစားထားပြီး သုံးပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၃)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ကြားရက်မှာ ခြေစွမ်းပိုင်းထက်မြက်နေတဲ့ ဘိုလော့ဂ်နာအသင်းကို အဝေးကွင်းမှာ ဂိုးမရှိသရေရလဒ်ကစားနိုင်ခဲ့တဲ့ပွဲစဉ်အပါအဝင် နောက်ဆုံးလေးပွဲဆက် ရှုံးနိမ့်မှုမရှိအောင် ကစားထားနိုင်ခဲ့တာကို တွေ့ရပါတယ်။ဒ့ါပြင် သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ ခံစစ်ပိုင်းပြန်လည်ကောင်းမွန်လာတဲ့အသင်းဖြစ်ပြီး နောက်ဆုံးသုံးပွဲမှာလဲ တစ်ဂိုးသာပေးထားရတာကြောင့် ပီဆာလိုအသင်းနဲ့ တွေ့ဆုံမှုမှာလဲ သူတို့အသင်းအနေနဲ့အဘက်ဘက်က အသာစီးရယူကစားလာနိုင်အုံးမှာ။ လက်ရှိဘောလုံးရာသီမှာ နာပိုလီနဲ့ ရိုးမားအသင်းကို အနိုင်၊ လာဇီယိုအသင်းကို သုံးဂိုးစီသရေရလဒ်ကစားနိုင်ခဲ့တဲ့ သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီခြေစွမ်းပိုင်းအကောင်းဆုံးလို့တောင် ဆိုရမှာပါ။ နာပိုလီအသင်းနဲ့ပွဲစဉ်မှာဆိုရင် တိုရီနိုအသင်းရဲ့ ခံစစ်ကစားသမားတွေရဲ့စွမ်းဆောင်မှုဟာ အကောင်းဆုံးဖြစ်နေတာကြောင့် အခုပွဲစဉ်မှာ ပီဆာအသင်းအနေနဲ့တိုက်စစ်ပိုင်း ဂိုးရဖို့တောင် ခက်ခဲနေအုံးမှာပါ။

ဒ့ါပြင် ပီဆာအသင်းအနေနဲ့လဲ လက်ရှိဘောလုံးရာသီ စီးရီးအေပွဲစဉ် ကိုးပွဲယှဉ်ပြိုင်ကစားအပြီးမှာ နိုင်ပွဲမရရှိသေးဘဲ ငါးပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၇)နေရာမှာရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ လက်ရှိကစားသမားစုဖွဲ့မှုပိုင်းက သာမန်သာရှိတာကြောင့် ပြိုင်ဘက်အသင်းတိုင်းကို တိုက်စစ်ထက် ခံစစ်ပိုင်းဦးစားပေးကစားနေရသလိုဖြစ်နေပါတယ်။ သူတို့အသင်းဟာ လက်ရှိအဝေးကွင်းလေးပွဲယှဉ်ပြိုင်ကစားအပြီးမှာ ခံစစ်ပိုင်းက ပေးဂိုး ၁၀ ဂိုးထိရှိတာကြောင့် ဒီရာသီစီးရီးအေအသင်းတွေထဲမှာ ဒုတိယမြောက် ခံစစ်ပိုင်းဆိုးရွားတဲ့အသင်းအဖြစ်ရပ်တည်နေတာကို တွေ့ရပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့ ခြေစွမ်းပိုင်းအသာစီးရှိနေတဲ့ တိုရီနိုအသင်းနဲ့ပွဲစဉ်မှာ ကစားပုံခက်ခဲလာနိုင်ပါလိမ့်မယ်။

သူတို့နှစ်သင်းအနေနဲ့ သမိုင်းတစ်လျှောက် နှစ်ကြိမ်တွေ့ဆုံဖူးထားပြီး တိုရီနိုအသင်းကပဲ နိုင်ပွဲရရှိခဲ့တာပါ။ ဒ့ါပြင် လက်ရှိခြေစွမ်းပိုင်းမှာ အသာရနေတဲ့ တိုရီနိုအသင်း ရလဒ်ကောင်းသွားမှာပါ။

**တိုရီနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပါးမား | ၂ | - | ၁ | တိုရီနို |
| လာဇီယို | ၃ | - | ၃ | တိုရီနို |
| တိုရီနို | ၁ | - | ၀ | နာပိုလီ |
| တိုရီနို | ၂ | - | ၁ | ဂျီနိုအာ |
| ဘိုလော့ဂ်နာ | ၀ | - | ၀ | တိုရီနို |

**ပီဆာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပီဆာ | ၀ | - | ၀ | ဖီအိုရင်တီးနား |
| ဘိုလော့ဂ်နာ | ၄ | - | ၀ | ပီဆာ |
| ပီဆာ | ၀ | - | ၀ | ဗီရိုနာ |
| အေစီမီလန် | ၂ | - | ၂ | ပီဆာ |
| ပီဆာ | ၀ | - | ၀ | လာဇီယို |

### ဟော်ဖန်ဟိမ်းအသင်းကိုပဲ အားပေးရမှာပါ

ဝုဖ်ဘတ်နဲ့ ဟော်ဖန်ဟိမ်းအသင်းတို့ဟာ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်(၉)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ပြီးခဲ့တဲ့ပွဲစဉ်မှာတော့ ဝုဖ်ဘတ်အသင်းက ဟမ်းဘတ်အသင်းကို တစ်ဂိုး ဂိုးမရှိ၊ ဟော်ဖန်ဟိမ်းအသင်းက ဟိုက်ဒမ်ဟိန်းအသင်းကို သုံးဂိုး တစ်ဂိုးနဲ့ အသီးသီးအနိုင်ရရှိထားကြပါတယ်။ သူတို့အသင်းတွေအနေနဲ့ လက်ရှိဘောလုံးရာသီမှာ ရလဒ်ပိုင်းတည်ငြိမ်မှုမရှိကြဘဲ ဝုဖ်ဘတ်အသင်းက ပွဲစဉ်ရှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးနိမ့်ထားပြီး ဟော်ဖန်ဟိမ်းအသင်းကတော့ လေးပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးနိမ့်ထားကြပါတယ်။ ဒ့ါပြင် ကြားရက်မှာ ယှဉ်ပြိုင်ကစားခဲ့ကြတဲ့ ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲမှာ ဝုဖ်ဘတ်အသင်းက ဟိုစတိန်းအသင်းကို ရှုံးနိမ့်ခဲ့ပြီး ဟော်ဖန်ဟိမ်းအသင်းကလဲ စိန့်ပေါ်လီအသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ လက်ရှိဘောလုံးရာသီမှာ ဝုဖ်ဘတ်အသင်းအနေနဲ့ အိမ်ကွင်းနိုင်ပွဲမရရှိခဲ့တာဆိုရင် လေးပွဲထိရှိခဲ့ပြီး ဟော်ဖန်ဟိမ်းအသင်းကတော့ ဒီရာသီအဝေးကွင်းရှုံးပွဲမရှိသေးတဲ့ တတိယအသင်းအဖြစ် ရပ်တည်နေပါတယ်။

ဝုဖ်ဘတ်အသင်းအနေနဲ့ အခုအိမ်ကွင်းပွဲစဉ်မှာ ရလဒ်ကောင်းအောင်ကြိုးစားကစားလာနိုင်တယ်ဆိုပေမဲ့ သူတို့အသင်းရဲ့ လက်ရှိကစားသမားစွမ်းဆောင်မှုပိုင်းမှာတော့ ဆိုးရွားနေတယ်လို့တောင် ဆိုရမှာပါ။ ဒ့ါပြင် ဟော်ဖန်ဟိမ်းအသင်းအနေနဲ့လဲ နည်းပြခရစ္စတီယန်ရဲ့ကိုင်တွယ်မှုအောက်မှာ အဝေးကွင်းခြေစွမ်းပိုင်းကို အဓိကထားကစားနိုင်စွမ်းရှိနေတာကို တွေ့ရတာကြောင့် အခုပွဲစဉ်မှာလဲ ဝုဖ်ဘတ်အသင်းရဲ့ ဖိအားပေးကစားလာမှုကို အကောင်းဆုံးတုံ့ပြန်ကစားလာမှာပါ။ ဒါကြောင့် အဝေးကွင်းဖြစ်ပေမဲ့ ဟော်ဖန်ဟိမ်းအသင်းကိုပဲ အားပေးရမှာပါ။

**ဝုဖ်ဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အော့စ်ဘတ် | ၃ | - | ၁ | ဝုဖ်ဘတ် |
| ဝုဖ်ဘတ် | ၀ | - | ၂ | ဟာသာဘာလင် |
| ဝုဖ်ဘတ် | ၀ | - | ၃ | စတုဂတ် |
| ဟမ်းဘတ် | ၀ | - | ၁ | ဝုဖ်ဘတ် |
| ဝုဖ်ဘတ် | ၀ | - | ၁ | ဟိုစတိန်း |

**ဟော်ဖန်ဟိမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရိုင်းဘတ် | ၁ | - | ၁ | ဟော်ဖန်ဟိမ်း |
| ဟော်ဖန်ဟိမ်း | ၀ | - | ၁ | ကိုလုံး |
| စိန့်ပေါ်လီ | ၀ | - | ၃ | ဟော်ဖန်ဟိမ်း |
| ဟော်ဖန်ဟိမ်း | ၃ | - | ၁ | ဟိုက်ဒမ်ဟိန်း |
| စိန့်ပေါ်လီ | ၂ | - | ၂ | ဟော်ဖန်ဟိမ်း |

# တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၃၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**တမူး အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲဧက ၁၃၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၂၁၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မြို့သစ်မြို့နယ်တွင် ဧက ၃၅၀၊ တမူးမြို့နယ်တွင် ဧက ၄၅၀၊ ခါမ်းပါတ်မြို့တွင် ဧက ၅၀၀ စုစုပေါင်း ဧက ၁၃၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ တမူးခရိုင်မှာ မြေပဲဧက ၂၁၅၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၃၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးလျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၄၀၀၊ တမူးမြို့နယ်တွင် ဧက ၇၀၀၊ ခါမ်းပါတ်မြို့တွင် ဧက ၁၀၅၀ စုစုပေါင်းဧက ၂၁၅၀ တို့ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ်နှစ်သိန်းခန့် ကုန်ကျစရိတ်ရှိပြီး တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

တမူးခရိုင်တွင် ယခုနှစ် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့်ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်း ကြရမည်ဖြစ်ကြောင်း တမူး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

(၂၀၆)

# တောင်တွင်းကြီးမြို့နယ် ရေထွက်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်တွင်းကြီး အောက်တိုဘာ ၃၁**


မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေထွက်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ရေထွက်ကြီးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ချေးငွေစာချုပ်ပါအတိုင်းအမှန်တကယ် လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိကိုလည်းကောင်း၊ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၇၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၇ ဦးကို ငွေကျပ် သိန်း ၃၃၀ နှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကိုငွေကျပ် ၁၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၇ ဦး ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၂၀ ထုတ်ချေးပေးထားကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**

**စာပေမြင့်မှ လူမျိုးတင့်မည်**






# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဗုဒ္ဓဥယျာဉ်တော် ဘက်စုံ၊ မွမ်းမံပြုပြင်ရေးအတွက် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေး နှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီးဖြစ်ပါသည်။

## ၃၁-၁၀-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၅၆၅။ | ဦးအောင်မိုးကျော်မိသားစုကောင်းမှု | ၂၀၀၀၀၀၀၀ |
| ၁၀၅၆၆။ | ကွယ်လွန်သူမိဘနှစ်ပါးနှင့် အစ်မတို့အားရည်စူး၍ ဦးဝင်းမြင့်အေး၊ (တူမ)မခင်စန်းဝင်းမိသားစုကောင်းမှု | ၅၀၀၀၀၀၀ |
| ၁၀၅၆၇။ | နှစ်ဖက်သောမိဘအမှူးထား၍ ရဲမှူးကြီးလှမြင့်(ငြိမ်း) နှင့်ဇနီး ဒေါ်တင်တင်မြင့်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၅၆၈။ | ဦးမျိုးမင်းမောင်နှင့်ဇနီး ဒေါ်ခိုင်စုမွန်၊ (သမီး)မဆုလင်းထက်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၅၆၉။ | ကိုဟိန်းကိုကိုနှင့်ဇနီး မမီမီစိုးမင်း၊ (သမီး)မကေသရီဆုရည်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၅၇၀။ | ဒေါ်မြင့်မြင့်သန်းမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၅၇၁။ | ဦးလှိုင်ဝင်းနှင့်ဇနီး ဒေါ်တင်တင်ကြိုင်၊ (သား)မောင်အောင်တေဇာမင်း၊ မောင်သက်ကျော်ဇင်အောင် (ခ)စစ်နိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၂။ | ဦးဝမ်းမောင်၊ (သမီး)မထက်ရတနာအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၃။ | ဦးစိုင်းအေးနှင့်ဇနီး ဒေါ်နန်းဟော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၄။ | ဦးကျော်စိုးလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၅။ | ဦးအောင်ကျော်ဦးနှင့်ဇနီး ဒေါ်ခင်သက်မာထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၆။ | ဦးမျိုးသန့်နှင့်ဇနီး ဒေါ်အေးမြမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၇။ | ဦးအောင်ဝင်းနှင့်ဇနီး မမေဦးခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၈။ | ဦးစိုးတင့်နှင့်ဇနီး ဒေါ်ကြည်ကြည်ညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၉။ | ဦးထိန်လင်းအောင်နှင့်ဇနီး ဒေါ်သူဇာစန်း၊ (သား)မောင်ဟိန်းခေတ်လင်းသူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၀။ | ဦးနေဇင်စိုးတင့်နှင့်ဇနီး ဒေါ်ငြိမ်းငြိမ်းအိ၊ (သား)မောင်နေဘုန်းပြည့်စုံမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၁။ | ကွယ်လွန်သူမိခင်ဒေါ်ခင်ရီနှင့် အစ်ကိုဦးထွန်းအောင်ကျော်တို့အားရည်စူး၍ ကိုလှဖိုးအောင်နှင့်ဇနီး မနွေးယမုံဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၂။ | ကွယ်လွန်သူဖခင်ကြီး ဦးဘညွန့်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၃။ | ကွယ်လွန်သူဖခင်ဦးသိန်းဆွေနှင့် မိခင်ဒေါ်ခင်သောင်းတို့အားရည်စူး၍ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၄။ | ကွယ်လွန်သူဖခင် ဦးသူနနှင့် မိခင်ဒေါ်သောင်းတို့အားရည်စူး၍ ကျန်ရစ်သူ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၅။ | ကွယ်လွန်သူဖခင် ဦးရွှေလေးနှင့် မိခင်ဒေါ်ငြိမ်းရင်၊ အစ်ကိုကြီး ဦးမောင်မောင်တို့အားရည်စူး၍ (ညီမ)ဒေါ်မြင့်မြင့်စန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၆။ | ကွယ်လွန်သူ ဦးအောင်လင်း၊ (သမီး)မခိုင်ငြိမ်းချမ်းဝေ၊ (မြေးလေး)မောင်ကောင်းဆက်သန့်တို့အားရည်စူး၍ ဒေါ်ခိုင်ခိုင်နွယ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၇။ | ကိုရဲရင့်မောင်မိသားစုကောင်းမှု | ၈၅၀၀၀ |
| ၁၀၅၈၈။ | ကွယ်လွန်သူဒေါ်ခင်နုအားရည်စူး၍ ဦးလှရွှေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၈၉။ | ကွယ်လွန်သူဦးကံလှအားရည်စူး၍ ဒေါ်အေးမိမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၀။ | ဒေါ်မြအေးသိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၁။ | ဒေါ်ခင်ညိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၂။ | ဒေါ်လှလှဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၃။ | ဒေါ်အေးအေးစန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၄။ | ဒေါ်နုနုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၅။ | ကိုနေဇော်အောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၆။ | ဒေါ်တင်တင်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၇။ | ဒေါ်ကျင်သန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၈။ | ဒေါ်ရင်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၉။ | ဒေါ်သင်းငွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၀။ | ဒေါ်မူယာလတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၁။ | ဒေါ်နော်ခင်သီစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၂။ | ဒေါ်ထွေးရင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၃။ | ကိုအောင်စန်းယုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၄။ | ဦးနှင်းဝေနှင့် ဒေါ်ဥမ္မာ၊ (သား)ကိုညီဆန်းနှင့်ဇနီး မမြင့်မြတ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၅။ | ဦးကျော်စိန်ဝင်းနှင့်ဇနီး ဒေါ်ယု၊ (သမီး)မမော်သုဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၆။ | ဦးထွန်းဝေနှင့်ဇနီး ဒေါ်သန်းသန်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၇။ | ဒေါ်စန်းစန်းအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၈။ | ဒေါ်ခင်သန်းကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၉။ | ဦးခင်အောင်နှင့်ဇနီး ဒေါ်ရွှင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၀။ | ဦးမင်းသော်တာနှင့်ဇနီး ဒေါ်တင်ဌေးနု၊ (သား)မောင်သူရိန်မျိုးသော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၁။ | ကိုဇေယျာဝင်းနှင့်ဇနီး မဖြူဖြူခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၂။ | ဦးမြင့်လွင်နှင့်ဇနီး ဒေါ်နန်းမြစိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၃။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်ခိုင်နှင်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၄။ | ဦးအောင်ဇော်ဌေးနှင့်ဇနီး ဒေါ်အေးအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၅။ | ဦးအောင်သိန်းနှင့်ဇနီး ဒေါ်တင်တင်နုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၆။ | ဦးအောင်အောင်ထွေးနှင့်ဇနီး ဒေါ်ယွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၇။ | ဦးအေးမောင်ကြီးနှင့်ဇနီး ဒေါ်နန်းမြင့်သီတာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၈။ | ကိုစိုးပိုင်နှင့်ဇနီး မလှလှသစ်၊ (သမီး)မနှင်းနန္ဒာပိုင်၊ (သား)မောင်သန့်စင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၉။ | ဦးသိန်းငွေနှင့်ဇနီး ဒေါ်ခင်တင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၂၀။ | ဦးထွန်းလှနှင့်ဇနီး ဒေါ်ဝင်းစိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၂၁။ | ဦးမျိုးလှိုင်နှင့်ဇနီး ဒေါ်နန်းအေးခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၂၂။ | ဦးဝင်းဗိုလ်နှင့်ဇနီး ဒေါ်စန်းစန်းဝင်း၊ သား၊ သမီး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၂၃။ | ဦးကျော်ညိမ်းနှင့်ဇနီး ဒေါ်ခင်မာရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၂၄။ | ဒေါ်မြင့်မြင့်စန်းမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးကြည်မင်းဟန်** ၀၉-၆၇၀၇၅၇၈၄၇

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ ရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး ကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၂၄-၁၀-၂၀၂၅** ရက်နေ့မှ စတင်၍ **၁၈-၁-၂၀၂၆** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။







## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းမြို့နယ်၊ စီတီးရပ်ကွက်နေ (ဘ) ဦးအောင်မြင့်နိုင်(၅/စကန(နိုင်)၂၁၁၁၃၅) (မိခင်) ဒေါ်ညိုညိုသီတာဝင်း(၅/စကန(နိုင်)၂၁၁၁၃၆)တို့၏သား မောင်ဟိန်းထက်အောင် (ခ) ပါကျယ် (၅/စကန(နိုင်)၃၃၆၅၇၃) သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝ အားလုံး လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးအောင်မြင့်နိုင်(၅/စကန(နိုင်)၂၁၁၁၃၅)**
**ဒေါ်ညိုညိုသီတာဝင်း(၅/စကန(နိုင်)၂၁၁၁၃၆)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိုးကုတ်မြို့၊ မင်းတံတားရပ်၊ ၁၀/၁၃၉ နေ ဦးရဲထွန်းဦး + ဒေါ်မြသီတာတို့၏သား မောင်နိုင်ဦးကို (၉/မကန(နိုင်)၁၃၀၃၈၇)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံး လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးရဲထွန်းဦး(၉/မတရ(နိုင်)၀၀၀၂၀၆)**
**ဒေါ်မြသီတာ(၇/ပခန(နိုင်)၀၁၁၁၄၀)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အမှတ်(၃)၊ ဘုန်းတော်ကြီးသင်မူလတန်းကျောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-5 တွင် ပညာသင်ကြားနေသော မောင်ဇင်ကိုကို၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးတင်မောင်လင်းဖြစ်ပါကြောင်း။ **ဦးတင်မောင်လင်း(၉/အမရ(နိုင်)၂၁၀၆၄၃)**



**အဖိုးတန် ရေချိုကို ချွေတာပါ**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင် အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီ အစဉ် (Public Feed-back Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့ အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" 




ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း က ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါ ကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

❖ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနိုင်မည့် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များ ကြွယ်ဝရန်လိုပြီး ဒေသတွင်းမှ ထွက်ပေါ်လာသည့် ပညာတတ်လူသားအရင်းအမြစ်များအနေဖြင့် ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများတွင် ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဖော်ဆောင်ပေးနိုင်ရမည်၊ လုပ်ဆောင်နိုင်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၂၄ ရက်တွင်ပြုလုပ်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ရွှေဆံတော်စေတီတော် အကြိမ် ၁၃၀ မြောက် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲနှင့် ၄၈ ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ လှည့်လည်အပူဇော်ခံပွဲ ကျင်းပမည်

စာမျက်နှာ - ၁၁

အရေးပေါ်အခြေအနေ ဆက်လက်ကြေညာ

စာမျက်နှာ - ၁၈

စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်

စာမျက်နှာ - ၁၈

တာဝန်ကျေပွန်တဲ့ နိုင်ငံသားတစ်ဦးဖြစ်ဖို့ ရွေးကောက်ပွဲမှာ မဲပေးပါ

ဆောင်းပါး

စာမျက်နှာ - ၁၀

# ၂၀၂၅ ခုနှစ် အာဆီယံအကောင်းဆုံးအင်ဂျင်နီယာဆု (ASEAN Outstanding Engineering Achievement Award - Individual Category)ကို မြန်မာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးပြည့်ဖြိုးမောင် ရရှိ



မြန်မာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးပြည့်ဖြိုးမောင် ၂၀၂၅ ခုနှစ် အာဆီယံ အကောင်းဆုံးအင်ဂျင်နီယာဆု (ASEAN Outstanding Engineering Achievement Award-Individual Category)ကို လက်ခံရယူစဉ်။

နေပြည်တော် အောက်တိုဘာ ၃၁

ဖိလစ်ပိုင်နိုင်ငံ Pampangaမြို့ Mabalacat City၏SMX Convention Center Clarkတွင် အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်ထိ ကျင်းပပြုလုပ်ခဲ့သည့် ၄၃ ကြိမ်မြောက် ASEAN Federation of Engineering Organizations များ၏

စာမျက်နှာ ၂၁ ကော်လံ ၃ ☆

## တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် အောက်တိုဘာ ၃၁

တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၂၀ တွင် ဖော်ပြပါရှိပါသည်။ ရတနာပုံ

## ပြည်တွင်းစက်သုံးဆီဈေးနှုန်း အနည်းငယ်မြင့်တက်

နေပြည်တော် အောက်တိုဘာ ၃၁


ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်မှုနှုန်း အနည်းငယ်ထပ်မံကျဆင်းခဲ့သော်လည်း အာရှပစိဖိတ်ဒေသအတွင်း စက်သုံးဆီဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့မှုကြောင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည် တစ်လီတာလျှင် ငွေကျပ် ၃၀ မှ ငွေကျပ် ၈၀ ခန့်ထိ မြင့်တက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နိုဝင်ဘာ ၁ ရက်မှ ၆ ရက်အတွင်း နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၃၁

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း နိုဝင်ဘာ ၁ ရက်မှ ၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စာမျက်နှာ ၂၁ ကော်လံ ၁ ❑

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၃၁-၁၀-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁-၁၁-၂၀၂၅ ရက်နေ့မှ ၂-၁၁-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားဖျက်ဆီးလိုသည့် အနုပညာရှင် နှစ်ဦးကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်

စာမျက်နှာ - ၂၄


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED



လုံခြုံလျင်မြန် ဆောင်ရွက်ပြီးမှန် မြဝတီဘဏ်

Card Services
‣ Individual Debit Card/ Credit Card
‣ Corporate Debit Card
‣ Automated Teller Machine Services
‣ Point of Sales Services
‣ Online Payment/ Tax Payment Via E-commerce

Phone No :
(01) 2301367, 2301368,
(01) 2301452, 2301378